ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်၊ အင်္ဂါနေ့၊ (2-1-2007) (၅၁၉၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အသက်နဲ့လဲကာကွယ်

နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောဟာ အချုပ်အခြာအာဏာပဲဖြစ်တယ်။ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာဆိုတဲ့ အာဏာသုံးရပ်ဟာ အချုပ်အခြာအာဏာလို့ နားလည်ထားရမယ်။ ဒီအာဏာသုံးရပ်ဟာ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးများရဲ့လက်ထဲမှာပဲ ရှိနေရမယ်။ ဘယ်တိုင်းတစ်ပါးသားရဲ့ လက်ထဲကိုမှ တိုက်ရိုက်ပဲဖြစ်စေ၊ သွယ်ဝိုက်၍ပဲဖြစ်စေ ထည့်မထားနိုင်ဘူး။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းဖြင့် ဩဇာလွှမ်းမိုးနေပြီဆိုလျှင် ဒါဟာ ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းနဲ့ ကျွန်ပြုခြင်းကို ခံနေရပြီလို့မှတ်ရမယ်။ ဒီတော့ တပ်မတော်ဟာ နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နဲ့လဲပြီး ကာကွယ်သွားရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏သက်တမ်း နှစ်ပေါင်း (၆၀) ပြည့်မြောက်ခဲ့ပြီ မြန်မာ့အားကစားလောက စနစ်တကျ တိုးတက်အောင်၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းမြှင့်တင်ခဲ့ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုမြင့်မားအောင် စနစ်တကျဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်ရှိ ဒက္ခိဏဆောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွင် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၊ အိုလံပစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ နှစ် (၆၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၁-၂၀၀၇ (အင်္ဂါနေ့)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာခဲ့သောနိုင်ငံဖြစ်သည်။ သို့ရာတွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်ခဲ့ကြသည်။

မျက်မှောက်အချိန်အခါတွင်လည်း ကိုလိုနီလက်သစ်များနှင့် အဆိုးမြင်ဝါဒီ အဖျက်သမားများက ပြည်တွင်း၊ ပြည်ပချိတ်ဆက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆန့်ကျင် ဟန့်တားရန် အဖျက်အမှောင့် လုပ်ငန်းများ၊ ဖိအားပေးမှုများ လုပ်ဆောင်လျက်ရှိသည်။

သို့သော် တိုင်းရင်းသားပြည်သူအားလုံး၏ တစည်းတလုံးတည်းသော ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မာသောမျိုးချစ်စိတ်ဓာတ် အားမာန်တို့ဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်ရန်စွယ် အန္တရာယ်ဟူသမျှကို ရဲရင့်ပြောင်မြောက်စွာ တွန်းလှန်တိုက်ဖျက်နိုင်ခဲ့သည်သာဖြစ်သည်။

မျိုးဆက်သစ်လူငယ် လူရွယ်များသည် လွတ်လပ်ရေး ဆုံးရှုံးရသည့်နိုင်ငံ၊ လွတ်လပ်မှုမရှိသည့် လူမျိုးဘဝတွင် နယ်ချဲ့အုပ်စိုးသူများက စီးပွားရေးအရ လက်ဝါးကြီးအုပ် အမြတ်ထုတ်မှု၊ ယဉ်ကျေးမှုအရ လွှမ်းမိုးမှု၊ လူမှုရေးအရ ဖိနှိပ်ချုပ်ချယ်မှု လုပ်ရပ်များကို သိမြင်ခံစားမှတ်သားထားကြရမည်ဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘွားအစဉ်အဆက် ရယူတည်ဆောက်ပေးခဲ့သည့် လွတ်လပ်ရေးကို ထာဝစဉ် မြတ်နိုးတန်ဖိုးထားပြီး ကာကွယ်စောင့်ရှောက်ကြခြင်းဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

အောင်ဘာလေ ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁

(၂၁၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီး ကျပ်သိန်း(၅၀၀)

ဃ-၇၁၇၈၂၆

ကျပ်သိန်း(၃၀၀) ဆုများ

ဂ-၇၈၈၇၇၅
တ-၃၉၈၀၈၆

ကျပ်သိန်း(၂၀၀) ဆုများ

ဆ-၈၀၀၇၃၈
ဏ-၁၈၂၆၈၉
ပ-၅၆၉၆၇၀
ဋ-၁၇၂၂၈၅

ကျပ်သိန်း(၁၀၀) ဆုများ

ဆ-၄၉၇၂၁၄
က-၁၅၂၁၈၅
ရ-၂၆၂၃၅၁
ဖ-၁၂၇၇၈၃
ဗ-၉၂၄၃၈၉
ပ-၁၀၁၂၄၀
မ-၉၅၀၅၇၄
ဌ-၇၃၂၇၄၅
ဂ-၂၇၉၁၈၁
ဝ-၉၅၁၈၃၂
ခ-၉၃၉၆၃၇
ဌ-၆၆၈၅၂၉
မ-၅၂၁၅၉၂
လ-၇၈၄၇၈၃
က-၃၂၈၈၆၀

ကျပ်သိန်း(၁၀၀) ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ထ-၉၀၁၃၂၃
ဗ-၄၈၇၆၈၇
ဆ-၄၁၀၉၅၃
င-၆၈၀၈၆၂
ခ-၂၉၃၀၃၅
ဃ-၁၀၄၀၉၃
ဋ-၅၆၆၄၈၉
တ-၇၉၄၄၈၂
တ-၉၈၃၄၅၀
ဌ-၂၆၂၅၇၅
ဓ-၇၃၂၂၆၀
ဗ-၁၀၄၁၃၂
ဍ-၄၃၀၃၀၈
စ-၂၃၆၁၅၂
ဒ-၄၁၀၈၃၅
လ-၈၀၅၂၉၉

စူးအက်တူးမြောင်းဖြတ်သန်းခ မြေလ၌ တိုးမြှင့်မည်

ကိုင်ရို ဒီဇင်ဘာ ၃၁

စူးအက်တူးမြောင်းအတွင်းရေယာဉ်များ ဖြတ်သန်းခကို ၂၀၀၇ခုနှစ် ဧပြီ ၁ရက်မှစ၍ ထပ်မံတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ယင်းတူးမြောင်းဖြတ်သန်းခမှာ ပျမ်းမျှအားဖြင့် ၂ ဒသမ ၈၄ ရာခိုင်နှုန်းတိုးမြှင့်လာမည်ဖြစ်ကြောင်း တူးမြောင်းအာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စူးအက်တူးမြောင်း ဖြတ်သန်းခနှုန်းထားမှာ ပျမ်းမျှအားဖြင့် ခရီးသည်တင်ရေယာဉ်အတွက် ၁ ဒသမ ၁၄ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ပြီး ရေနံတင်သင်္ဘောအတွက် ၃ ဒသမ ၇၃ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် တူးမြောင်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ အာမက်အာလီဖာဒယ်က ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် စူးအက်တူးမြောင်းမှရရှိသော စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံရှိရာမှ ၂၀၀၆ ခုနှစ်တွင် စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံအထိ တိုးတက်လာကြောင်း ဖာဒယ်က ပြောကြားသည်။

၂၀၀၆ ခုနှစ်တွင် စူးအက်တူးမြောင်းအတွင်းဖြတ်သန်းသွားသော သင်္ဘောစင်းရေ စုစုပေါင်းသည် ၁၈၅၈၀ ရှိပြီး ၂၀၀၅ ခုနှစ်က စင်းရေထက် အစင်း ၅၈၀ ပိုလာသည်။ ဖြတ်သန်းသွားသော သင်္ဘောတန်ချိန်ပေါင်းမှာ ၂၀၀၆ ခုနှစ်တွင် တန် ၇၃၆ ဒသမ ၈သန်းရှိရာ ၂၀၀၅ ခုနှစ်ကထက် တန်ချိန် ၆၆ ဒသမ ၈သန်း ပိုမိုလာခြင်းဖြစ်သည်။

စီးပွားရေးအရ အချက်အချာကျသော ရေလမ်းခရီးများတွင် စူးအက်တူးမြောင်းပါဝင်ပြီး ယင်းတူးမြောင်းသည် အီဂျစ်နိုင်ငံအတွက် အဓိက ဝင်ငွေရရှိရာလုပ်ငန်းလည်းဖြစ်သည်။ ထို့အပြင် ယင်းရေလမ်းခရီးကို နေ့စဉ်သင်္ဘောပေါင်း ၆၀ ခန့် ဝင်ထွက်သွားလာလျက်ရှိသည်။ ***အင်တာနက်။***



ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အီရတ်တွင်သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၃၀၀၀ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့် ၂၀၀၃ခုနှစ် မတ်လမှ ယခုအချိန်အထိ ယင်းနိုင်ငံတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၃၀၀၀ထက်မနည်းရှိပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက်ဝန်းကျင်တွင် ဒီဇင်ဘာ၃၀ရက်က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။ သေဆုံးသူတပ်ဖွဲ့ဝင်၏ ဆွေမျိုးများထံအကြောင်းကြားနေဆဲဖြစ်၍ ၎င်းတို့၏အမည်ကို ဖော်ပြခြင်းမပြုဘဲချန်လှပ်ထားသည်။

အများဆုံးလ

အီရတ်၌သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်း ၁၁၁ဦးရှိရာ ယခုနှစ်အတွက် အမေရိကန်တပ်ဖွဲ့ဝင်အသေအပျောက် အများဆုံးသောလပင်ဖြစ်ကြောင်း သတင်းကဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ဂျီးရီးယား၌ ရေနံပိုက်လိုင်းပေါက်ကွဲ ၂၆၉ ဦး သေဆုံး

လေဂို့စ် ဒီဇင်ဘာ ၃၁

နိုင်ဂျီးရီးယားနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးမြို့တော် လေဂို့စ်တွင် ရေနံပိုက်လိုင်း ပေါက်ကွဲမှုကြောင့် သေဆုံးသည့် ဦးရေသည် အင်္ဂါနေ့စောစောပိုင်းအထိ ၂၆၉ ဦးရှိကြောင်း နိုင်ဂျီးရီးယားကြက်ခြေနီအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မသမာသူများ၏ ဖျက်ဆီးမှုကြောင့် ရေနံပိုက်လိုင်းပေါက်ကွဲကာ မီးလောင်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့သံစဉ် (အပိုင်း-၆)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘက်မတူတဲ့တက်လူ အပိုင်း(၃၂)
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

မျှော်မှန်းထားသည့် အောင်နိုင်မှုပန်းတိုင်ကိုရောက်ရှိရန် များစွာကြိုးစားကြရန် လိုနေသေးသည်ကို မမေ့မလျော့သတိပြု

✳ ရွှေ့ဖုံးမှ
နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့အားကစား အဆင့်အတန်းမြှင့်တင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှု၊ စနစ်တကျ စီမံခန့်ခွဲမှုအဝဝကို တာဝန်ယူဆောင်ရွက်နေသည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ သက်တမ်းသည် နှစ်ပေါင်း(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ခေတ်သစ်သမိုင်းစဉ်တစ်လျှောက် ရှည်ကြာသည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ သက်တမ်းကာလအတွင်း၌ မြန်မာ့အားကစားလောကသည် အောင်နိုင်မှုများသာမက ရှုံးနိမ့်မှုများကိုပါ လောကဓမ္မတာတရားနှင့်အညီ ဆူကြုံနိမ့်မြင့် ဖြတ်သန်းခဲ့ရသည်ကိုတွေ့နိုင်ကြောင်း။

ထိန်းသိမ်းမြှင့်တင်ခဲ့

ယင်းသို့ ရှည်လျားလှသည့်သက်တမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီသည် ခိုင်မာပြည့်ဝလှသည့်အတွေ့အကြုံများကို စုစည်းသယ်ဆောင်ရင်း မြန်မာ့အားကစားလောကကို စနစ်တကျဖွံ့ဖြိုးတိုးတက်အောင်၊ ရေရှည်တည်တံ့အောင် အစဉ်တစိုက်ထိန်းသိမ်းမြှင့်တင်ပေးလာခဲ့ခြင်းသည် များစွာဂုဏ်ယူဖွယ်ကောင်းလှသော စွမ်းဆောင်မှုများပင်ဖြစ်ကြောင်း။

သက်တမ်းနှစ်ပေါင်း တစ်ရာပြည့်ခဲ့ပြီဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC) တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီသည် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သကဲ့သို့ ၁၈၉၆ခုနှစ်ကစပြီး လေးနှစ်လျှင်တစ်ကြိမ်ကျင်းပခဲ့သည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် (၁၄)ကြိမ်မြောက်ပြိုင်ပွဲကစတင်ပြီး (၂၁)ကြိမ်မြောက်ပြိုင်ပွဲမှအပ ၂၀၀၄ ခုနှစ် (၂၈)ကြိမ်မြောက်ပြိုင်ပွဲအထိ ပြိုင်ပွဲအကြိမ်တိုင်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း။

ယင်းကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်မရရှိခဲ့သော်လည်း ၁၉၇၂ ခုနှစ် အကြိမ်(၂၀)မြောက် ပြိုင်ပွဲများ၌ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အသန့်ရှင်းဆုံးဆု (Fair Play Trophy) ရရှိခဲ့သကဲ့သို့ မြန်မာ့အလေးမအားကစားသမားအောင်ကြီးသည် အမြန်မကမ္ဘာ့စံချိန်သစ်ကို တင်နိုင်ခဲ့သည့် သမိုင်းမှတ်တမ်းများ ရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲစတင်ပေါ်ပေါက်ရန် ကြိုးပမ်းခဲ့သည့်(Founding Member) အဖြစ်ဖြင့်ပါဝင်ခဲ့ပြီး အစဉ်တစိုက်လည်း ပါဝင်ယှဉ်ပြိုင်လာခဲ့ပါကြောင်း။

အကျော်အမော်များပေါ်ထွန်း

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ သက်တမ်းတစ်လျှောက်တွင်မြန်မာ့အားကစားသည် အရှေ့တောင်အာရှမှသည် အာရှတစ်လွှားအထိ အောင်မြင်လွှမ်းမိုးပြီးအောင်နိုင်မှုသရဖူဆောင်းထားနိုင်ခဲ့သည့် အားကစားသမား အကျော်အမော်များလည်း ပေါ်ထွန်းခဲ့သည်ကိုတွေ့ရကြောင်း။

မိမိတို့ တပ်မတော်အစိုးရ နိုင်ငံ့တာဝန်စတင်ယူခဲ့ရချိန်တွင်မူ မြန်မာ့အားကစားအဆင့်အတန်းသည် အကြောင်းကြောင်းများကြောင့် မှေးမှိန်နေခဲ့ပြီး အောင်နိုင်မှုများနှင့်လည်း နှစ်ပေါင်းအတော်ကြာ ကင်းဝေးနေရသည့်အခြေအနေတွင်ရှိကြောင်း။

ထို့ကြောင့်မိမိတို့တပ်မတော်အစိုးရအနေဖြင့် အမျိုးသားအားကစားအဆင့်အတန်းမြှင့်မားမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့တဲ့ဂုဏ်ဒြပ်တစ်ခုဖြစ်ပါတယ်။ **"နိုင်ငံတကာမှာ အားကစားအောင်နိုင်ခြင်းဟာ နိုင်ငံနဲ့လူမျိုးရဲ့ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေတယ်"** ဆိုသည့် ခံယူချက်ဖြင့် အမျိုးသားအားကစားမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၁၉၉၃ခုနှစ်တွင် အမျိုးသားအိုလံပစ်ကောင်စီဥပဒေကို ပြဋ္ဌာန်းပြီးအမျိုးသားအားကစားဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ် လမ်းညွှန်နိုင်မည့်နိုင်ငံ၏ အားကစားဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းအဖြစ် အမျိုးသားအိုလံပစ်ကောင်စီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ အလားတူပင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကိုလည်း သွေးသစ်လောင်းပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး မြန်မာ့အားကစားအဆင့်အတန်းပြန်လည်တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပြင်ဆင်တိုးချဲ့ဖွဲ့စည်း

အထူးသဖြင့်နိုင်ငံတကာတွင် ပေါ်ထွန်းနေသည့် အားကစားနည်းများအလိုက် အားကစားအဖွဲ့ချုပ်များကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး အားကစားနည်းတစ်ခုချင်းကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း။

ယခုဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် အားကစားအဖွဲ့ချုပ် ၃၈ခုအထိ ရှိနေပြီဖြစ်ပြီး အဖွဲ့ချုပ်များအလိုက် သက်ဆိုင်ရာအားကစားကို ဝါသနာထက်သန်သည့်စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားသမားဟောင်းများက ဦးဆောင်တာဝန်ယူဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားအဖွဲ့ချုပ်များသည် သွက်လက်ထက်မြက်သည့် စီမံခန့်ခွဲမှုစနစ်၊ ခိုင်မာတောင့်တင်းသည့် ဘဏ္ဍာငွေကြေးအင်အား၊ခေတ်မီအားကစားနည်းစနစ်များ အချိန်နှင့်တစ်ပြေးညီရယူနိုင်ရေး၊ ခေတ်မီအားကစားပစ္စည်းနှင့်လေ့ကျင့်ရေးပစ္စည်းသုံးစွဲနိုင်ရေး စသည့် အခြေခံကောင်းများပေါင်းစည်းပြီး အောင်မြင်ဖြစ်ထွန်းနေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒများမှန်ကန်မှု၊ အမျိုးသားအိုလံပစ်ကောင်စီနှင့် ကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှု၊ အားကစားအဖွဲ့ချုပ်များနှင့် အားကစားသမားမောင်မယ်များ၏ အားထုတ်ကြိုးပမ်းမှု၊ အားကစားဝါသနာရှင်များ၊ ပြည်သူများ၏ တစ်ခဲနက်အားပေးချီးမြှောက်မှုတို့၏ အကျိုးတရားများ ပွားစီးဖြစ်ပေါ်လာသည်နှင့်အမျှ မြန်မာ့အားကစားအောင်နိုင်မှုအကျိုးရလဒ်ကောင်းများ စတင်ပေါ်ထွန်းလာလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ထွန်းထွန်းပေါက်ပေါက်ပေါ်ထွန်း

ဂူရှူး၊လေ့လော့၊ရွက်လှေ၊မြားပစ်၊တိုက်ကွမ်ဒို၊ဘိလိယက်နှင့်စနူကာစသည့် အားကစားနည်းသစ်များ တိုးချဲ့လာနိုင်သည့်အပြင် ဤအားကစားနည်းသစ်များတွင် နိုင်ငံတကာအောင်နိုင်မှု ဆုတံဆိပ်များ စတင်ဆွတ်ခူးရရှိနေသည့်အနေအထားကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် အားကစားနည်းအတော်များများတွင် ထူးချွန်သည့်အမျိုးသမီးအားကစားမယ်များ ထွန်းထွန်းပေါက်ပေါက် ပေါ်ထွန်းလာလျက်ရှိသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယင်းသို့အောင်မြင်မှုအကျိုးရလဒ်ကောင်းများ တစ်စထက်တစ်စပေါ်ထွန်းလာလျက်ရှိနေသော်လည်းမျှော်မှန်းထားသည့် အောင်နိုင်မှုပန်းတိုင်ကို ရောက်ရှိရန်အတွက် များစွာကြိုးစားကြရန် လိုအပ်နေသေးသည်ဆိုသည်ကိုတော့ မမေ့မလျော့သတိပြုကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့၏ မှန်ကန်သောဦးဆောင်မှုအောက်တွင် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားမောင်မယ်များအားလုံးက တစ်သိုက်တစ်ဝန်းတည်း တညီတညွတ်တည်း မဆုတ်မနစ် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

အောင်နိုင်မှုအလားအလာကောင်းမွန်သည့် အားကစားနည်းများတွင် ပိုမိုအာရုံစိုက်ကြိုးစားမြှင့်တင်ဆောင်ရွက်သွားကြရန်လိုအပ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသေးသည့် အားကစားနည်းများကိုလည်း စနစ်တကျခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရအောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ထူးချွန်ထက်မြက်သည့် အမျိုးသားအားကစားသမားမောင်မယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရအောင် စီမံဆောင်ရွက်ရင်း ထူးချွန်ထက်မြက်သည့် အလားအလာကောင်းသော အားကစားသမားမောင်မယ်များကို နိုင်ငံတကာတွင် အောင်ပန်းဆွတ်ခူးနိုင်သည်အထိ အလေးထားလေ့ကျင့်ပျိုးထောင်ပေးကြရန်လိုကြောင်း။

ယနေ့ နိုင်ငံတကာအားကစားလောကကိုကြည့်လျှင် နည်းစနစ်ပိုင်းဆိုင်ရာ အားကစားပစ္စည်းနှင့် လေ့ကျင့်ရေးပစ္စည်းကိရိယာပိုင်းတွင် တစ်နေ့ထက်တစ်နေ့ တိုးတက်ဖြစ်ထွန်းနေသကဲ့သို့ အားကစားဆိုင်ရာ စီမံခန့်ခွဲရေး၊ ဥပဒေရေး၊ ဘဏ္ဍာရေး၊ အားကစားဆိုင်ရာ ကျန်းမာရေးစသည့် စီမံအုပ်ချုပ်မှု ပံ့ပိုးမှုအပိုင်းကဏ္ဍများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ထို့အပြင် အားကစားနှင့် စီးပွားရေးလုပ်ငန်းများ၊ အားကစားနှင့် Media လုပ်ငန်းများ အပြန်အလှန် အထောက်အကူပြု တိုးတက်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် အမျိုးသားအားကစားအဆင့်အတန်းမြှင့်တင်ရေးအတွက် ထိထိရောက်ရောက် စွမ်းဆောင်နိုင်ဖို့ဆိုရာတွင် နိုင်ငံတကာနည်းတူ အားကစားဆိုင်ရာ စီမံခန့်ခွဲရေး၊ ဥပဒေရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် Media အပိုင်းကဏ္ဍများအားလုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် စီမံဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း။

မိဘနှစ်ပါးအမှူးထား၍ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း (၅၇ လမ်းထောင့်) ပုဇွန်တောင်မြို့နယ်နေ ဦးစန်းမြင့်(မြန်မာနိုင်ငံတော် ဗဟိုဘဏ်-ငြိမ်း)-ဒေါ်စွန်ဒရာ၊ သား ဦးတင်ရွှေ-ဒေါ်ယဉ်ယဉ်မြင့်(မြန်မာကော်တွန် လိုက်ကာချုပ်လုပ်ငန်း) မိသားစုက မူဆယ်မြို့ မဟာဝန်ကျောင်း ဆုတောင်းပြည့်စုမ့်မိုင်းနှီးဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရေးအတွက် ငွေကျပ် ငါးသိန်း လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွင် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့ကြသောပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

သမိုင်းမှတ်တိုင်များစိုက်ထူ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် ရှည်လျားခိုင်မာသည့် သက်တမ်းကာလအတွင်း အတွေ့အကြုံ၊ အတွေးအမြင်များစွာ ရင့်ကျက်ဖွံ့ဖြိုးခဲ့ပြီးဖြစ်ကြောင်း၊ အောင်နိုင်မှု သမိုင်းမှတ်တိုင်များလည်း စိုက်ထူနိုင်ခဲ့သည့် အစဉ်အလာရှိထားပြီးဖြစ်ကြောင်း။

ဤအတွေ့အကြုံကောင်း အစဉ်အလာကောင်းများကို ထိထိရောက်ရောက်အသုံးချပြီး ယနေ့ ဘက်စုံကဏ္ဍစုံတွင် အကောင်အထည်ဖော် ဖြစ်ထွန်းနေပြီဖြစ်သည့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ပိုမိုမြင့်မားခိုင်မာစေရအောင် ဆက်လက်ပြီး စနစ်တကျဦးဆောင်လမ်းညွှန်စီမံဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ အမျိုးသားအားကစားအဆင့်အတန်းမြှင့်တင်ရေးကို ပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက်သော်လည်းကောင်း၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာတိုးတက်မြင့်မားရေးအတွက်သော်လည်းကောင်း ရည်မှန်းပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်း အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွင် ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအား မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ အိုလံပစ် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှတ်တရဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကချီးမြှင့်သည့် 2006 Sport Community Trophy ကို မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်သို့ပေးအပ်ချီးမြှင့်ရာ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက မြန်မာနိုင်ငံအားကစားအဖွဲ့များနှင့် ပုဂ္ဂိုလ်များအားပေးအပ်ခဲ့သည့် ဆုတံဆိပ်များကို ကြည့်ရှုသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

တွံတေးမြို့ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

တွံတေးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင်ပညာသင်ကြားခဲ့သော အငြိမ်းစားဆရာ၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း ယုဇနခန်းမ၌ ဇန်နဝါရီ ၁၄ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ၊ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဒေါ်သင်းသင်း ဖုန်း-၀၁-၅၆၅၈၈၁၊ ဒေါက်တာသိန်းဇော်မြင့် ဖုန်း-၀၄၅-၉၀၀၀၉၊ ဦးဘမြင့် ဖုန်း-၀၄၅-၅၀၁၈၇၊ ဦးခင်ဝင်း ဖုန်း-၀၄၅-၅၀၄၄၇၊ ဦးထွန်းဝေ ဖုန်း-၀၄၅-၅၀၁၉၅၊ ဦးမင်းနိုင် ဖုန်း-၀၄၅-၅၀၀၂၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၏ အနှစ်သာရများ

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာဖြစ်သည်။ ဥပဒေပြုရေးအာဏာ၊အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုသည့် အာဏာသုံးရပ်ကို အချုပ်အခြာအာဏာဟု နားလည်ထားရမည် ဖြစ်သည်။ ယင်းအာဏာသုံးရပ်သည် မိမိနိုင်ငံသား မိမိလူမျိုးများ၏ လက်ထဲတွင် ရှိနေရမည်ဖြစ်သည်။ မည်သည့် တိုင်းတစ်ပါးသားများ၏ လက်ထဲကိုမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်မထားနိုင်ပေ။ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းဖြင့် ဩဇာလွှမ်းမိုးနေပြီဆိုလျှင် ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်းခံနေရပြီဟု မှတ်ယူရမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နှင့်လဲ၍ ကာကွယ်သွားကြရမည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၂၇-၃-၁၉၉၇၊ ရန်ကုန်)

ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုနှင့် ဗိုလ်ကျ စိုးမိုးမှုတို့ကြောင့် ဆုံးရှုံးခဲ့ရဖူးသည့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားခေါင်းဆောင်များနှင့် မိဘဘိုးဘွားပြည်သူများက ပြန်လည်ရရှိအောင် စွမ်းဆောင်ပြီး နောင်လာနောက်သားများကို ထာဝရအမွေအနှစ်အဖြစ် ပေးအပ်ခဲ့ကြသည်။

မိဘဘိုးဘွား ပြည်သူ့သားကောင်းများက မြန်မာနိုင်ငံကို ရုပ်သေးရုပ်နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အသက်ပေါင်းများစွာ ရင်းနှီးပြီး လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြ ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသည် ရုပ်သေးနိုင်ငံမဖြစ်ရေး ကြိုးပမ်းမှုပင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ မြန်မာလူမျိုးတို့၏ ဘဝနှင့်ဒဿနကို နားမလည်ဘဲ မြန်မာနိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရုပ်သေးရုပ်လို ကြိုးကိုင်အသုံးချရန် ကြိုးပမ်းနေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့ ရှိနေပြန်သည်။ မိမိတို့နိုင်ငံသာ ၎င်းတို့၏ ရုပ်သေးရုပ်နိုင်ငံ၊ အခြွေအရံနိုင်ငံပြန်ဖြစ်သွားပါက အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထပ်မံလက်လွတ်ဆုံးရှုံးရပေဦးမည်။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၏ အနှစ်သာရမှာ မိမိနိုင်ငံ ငြိမ်းချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု ကောင်းစားရေးတို့ကို မိမိတို့၏ အမျိုးသားရေး ယဉ်ကျေးမှု၊ မိမိတို့သမိုင်းအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့် အညီ လွတ်လွတ်လပ်လပ် ဖော်ဆောင်သွားနိုင်ခွင့်ရှိရေးပင် ဖြစ်သည်။

မိမိနိုင်ငံနှင့် မိမိလူမျိုး၏ အကျိုးစီးပွားကို လွတ်လပ်စွာ ကြိုးပမ်းဖော်ဆောင်နိုင်သည့် အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများ ခိုင်မာတောင့်တင်းအောင် အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဟူသည်မှာ နိုင်ငံရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေးအားများ ခိုင်မာတောင့်တင်းနေခြင်းပင်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော်အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ ပိုမိုဖြစ်ထွန်းအောင် ကြိုးပမ်းဖော်ဆောင်နေသည်နှင့်အမျှ နိုင်ငံရေး အားကောင်းလာလျက်ရှိသည်။ နိုင်ငံရေး အားကောင်းလာသည်နှင့်အမျှ စီးပွားရေးအခြေခံကောင်းများ ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်လျက်လည်း ရှိနေပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကာကွယ်ရေးအားကို တိုးမြှင့်တည်ဆောက်သွားနိုင်မည် ဖြစ်သည့်အတွက် အဆိုပါအားသုံးအားသည် အပြန်အလှန်အမှီသဟဲပြုနေပေသည်။

နိုင်ငံရေးအား တောင့်တင်းရေးသည် အခြေခံကျပြီး စီးပွားရေးအားသည် အားသုံးအား၏ အလယ်ကွင်းဆက်ဖြစ်၍ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံရေးရာအဖြာဖြာကို ကျယ်ကျယ်ပြန့်ပြန့် အလေးအနက်လေ့လာရှုမြင်သုံးသပ်ပြီး နိုင်ငံတော်၏ အားသုံးအား ပိုမိုခိုင်မာ တောင့်တင်းအောင် လက်တွဲ ကြိုးပမ်းတည်ဆောက်သွားနိုင်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးစေရန် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အတွင်း အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ယနေ့ မျက်မှောက်ခေတ်ကာလမှာရော အနာဂတ်ကာလအတွက်ပါ ပြည်တွင်း၊ ပြည်ပ အဖျက်ရန်ဟူသမျှကို တွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် မိမိတို့၏ ပြည်တွင်းတွင်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ပြည်တွင်းအင်အား ပိုမိုကျစ်လျစ်ခိုင်မာအောင် နိုင်ငံတော်က ပျိုးထောင်တည်ဆောက်ပေးနေခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာမှုကို ကာကွယ်တည်ဆောက်နေသကဲ့သို့ နိုင်ငံတကာ ဆက်ဆံရေးတွင်လည်း နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုရေးမူကိုကိုင်စွဲ၍ တစ်နိုင်ငံ၏ လွတ်လပ်မှုကို တစ်နိုင်ငံက လေးစားတန်ဖိုးထားရန်နှင့် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားတန်ဖိုးထားရန် အမြဲထာဝရလိုလားလျက် ပူးပေါင်းဆောင်ရွက်နေကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများကို အားလုံးလိုက်နာ ကျင့်သုံးနိုင်မှ ဒေသတွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ရရှိနိုင်မည်ဟု မြန်မာနိုင်ငံက အမြဲတစေ ယုံကြည်ထားပေသည်။

သို့ရာတွင် မိမိတို့နိုင်ငံတော် တည်ရှိနေသည့် ပထဝီနိုင်ငံရေး အနေအထားအရလည်းကောင်း၊ ကမ္ဘာကြီး၏အင်အား ချိန်ခွင်လျှာ တစ်ဖက်စောင်းနင်းဖြစ်သွားပြီး နိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးသည့် ပြောင်းလဲဖြစ်ပေါ်လာသော နိုင်ငံတကာ အနေအထားအရလည်းကောင်း အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်လိုစိတ်များ အမြဲထာဝရ မွေးမြူသွားကြရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်းအောင် တည်ဆောက်သွားကြရန်လည်း လိုအပ်ပါသည်။

မိမိတို့နိုင်ငံသည် ပတ်ဝန်းကျင်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ပြည့်စုံရမည့် အင်္ဂါရပ်များနှင့် ချိန်ထိုးကြည့်လျှင်သော်လည်းကောင်း အထိုက်အလျောက် ခေတ်နောက်ကျကျန်နေသေးသည်မှာ အမှန်ပင်ဖြစ်သည်။ စီးပွားရေးအပိုင်းတွင်လည်း ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ နောက်ကျကျန်လျက်ရှိနေပေသည်။



သီဟအောင်

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးသည် ပဓာနကျသည့် အမျိုးသားရေးတာဝန်ဖြစ်ပါသည်။ ထိုအခြေအနေမျိုးတွင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ကြရာ၌ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် တာဝန်ကိုယ်စီရှိသည်ဟုခံယူပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်များဖြင့် တစ်မျိုးသားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရန် လိုအပ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နိုင်ငံတစ်ခုအတွက် ဖြည့်ဆည်းပေးရမည့်လုပ်ငန်းများသည် ကဏ္ဍအလိုက်ရော ဒေသအလိုက်ပါ မြားမြောင်လှပါသည်။ တစ်မျိုးသားလုံး စည်းလုံးညီညွတ်သည့် စွမ်းအား၊ မိမိတို့တွင်ရှိနေသည့် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ယနေ့တည်ဆောက်နေသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပေါင်းစပ်လိုက်လျှင် မိမိတို့နိုင်ငံသည် အနာဂတ်ရှိသည့်နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတစ်ဝန်းလုံးနေရာတိုင်း၌ အချိုးညီညီဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်နယ်၊ ပြည်မဒေသအားလုံး မျှမျှတတ တိုးတက်စေရန်အတွက် လမ်း တံတားများ၊ ဆည်မြောင်းတာတမံများ၊ ဆေးရုံများ၊ တက္ကသိုလ်ကောလိပ်များ၊ စာသင်ကျောင်းများ၊ စက်ရုံ အလုပ်ရုံများစသည့် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

> ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ မြန်မာလူမျိုးတို့၏ဘဝနှင့် ဒဿနကို နားမလည်ဘဲ မြန်မာနိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရုပ်သေးရုပ်လို ကြိုးကိုင်အသုံးချရန် ကြိုးပမ်းနေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့ ရှိနေပြန်သည်။ မိမိတို့နိုင်ငံသာ ၎င်းတို့၏ ရုပ်သေးရုပ်နိုင်ငံ၊ အခြွေအရံနိုင်ငံပြန်ဖြစ်သွားပါက အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထပ်မံလက်လွတ်ဆုံးရှုံးရပေဦးမည်။

တစ်နိုင်ငံလုံးတွင် အသက်သွေးကြောသဖွယ်ဖြစ်သည့် စီးပွားရေးအခြေခံအဆောက်အအုံများ၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျေးလက်နှင့်နယ်စပ်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေး၊ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံလိုအပ်ချက်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ပေးနေပါသည်။

နိုင်ငံတော်အစိုးရသည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံ့တာဝန်များကို ရယူခဲ့ရပြီးနောက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းလာရေး ဦးစားပေးဆောင်ရွက်ရင်း တစ်ဖက်တွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ပေးခဲ့ပါသည်။ ဈေးကွက်စီးပွားရေးမူဝါဒများ ချမှတ်ခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကဏ္ဍအပါအဝင် ကဏ္ဍအားလုံးတွင် အခွင့်အလမ်းများ ဖွင့်ပေးခဲ့ပါသည်။

နိုင်ငံတော်က ပြောင်းလဲကျင့်သုံးခဲ့သည့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုအချိုးအစားတိုးတက်ကျယ်ပြန့်လာစေရန်အတွက်လည်း လုပ်ကိုင်ခွင့်ကျယ်ပြန့်စွာပေးပြီး အားပေးကူညီဆောင်ရွက်လျက် ရှိပါသည်။

တိုင်းပြည်၏ အဓိကစီးပွားရေးကဏ္ဍများဖြစ်သည့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သားငါးကဏ္ဍနှင့် နောင်တွင် တိုးတက်အားထားရမည့်

စာမျက်နှာ ၅ ကော်လံ ၁သို့ ➢

➢ စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

စွမ်းအင်ကဏ္ဍတို့၏ ထုတ်လုပ်မှုများ တိုးတက်သည်ထက် တိုးတက်စေရန်လည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်စီးပွားရေးကဏ္ဍများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်း တိုးတက်မှုရှိစေရန် ကြိုးပမ်းဖော်ဆောင်ပေးနေပါသည်။

နိုင်ငံတော်၏ စီးပွားရေး၊ တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ထိုက်သင့်သည့် စက်မှုစီးပွားရေးလုပ်ငန်းများလည်း ဖြစ်ထွန်းလာရေးနှင့် စီးပွားရေးကို အထောက်အကူပြုမည့် ဆည်မြောင်း တာတမံ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်နေခြင်းသည် အခြေခံကျသည့် လူများစုကြီး၏ စီးပွားရေးဘဝ တိုးတက်လာစေရန် လက်တွေ့ကျကျ မြှင့်တင်ပေးနေခြင်းပင် ဖြစ်ပါသည်။

စားဝတ်နေရေးဆိုသည့် အခြေခံလူ့အခွင့်အရေးများထဲတွင် စားရေးသည် အဓိကအရေးကြီးဆုံးဖြစ်ရာ စားရေးနှင့်ပတ်သက်ပြီး မည်သူ့ကိုမျှ မှီခိုခြင်းမပြုရဘဲ သားစဉ်မြေးဆက် ဖူလုံသည်အထိ ဖော်ဆောင်ပေးနေကြောင်း တွေ့ရှိနိုင်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်၏ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် စပ်လျဉ်းပြီး ၁၉၉၀ ပြည့်နှစ်ကာလများမှစ၍ အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြား ဆောင်ရွက်စေခဲ့ပါသည်–

တိုင်းပြည်၏ လူဦးရေသည် တိုးတက်နေသည့်အတွက် ၂၀၀၀ ပြည့်နှစ် ၌ လူဦးရေ သန်း ၅၀၊ ၅၁ သန်းခန့် ရှိလာနိုင်ကြောင်း၊ စပါးသီးနှံ စိုက်ပျိုးဧကမှာမူ ဒုတိယကမ္ဘာစစ် မဖြစ်မီကအတိုင်း ဧက ၁၂ သန်း ပတ်ဝန်းကျင်၌ပင် ရှိနေဆဲဖြစ်ရာ အမှုမဲ့၊ အမှတ်မဲ့နေပါက တစ်ချိန်တွင် နိုင်ငံတော်၌ စားရေး၊ သောက်ရေး မလုံမလောက်ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားများ စားရေး၊ သောက်ရေး မပူပင်ကြစေရန် ယခုကတည်းကပင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဖိဖိစီးစီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။ ရေလှောင်တမံများ၊ ဆည်များ တည်ဆောက်ပေးနေခြင်းသည် အများပြည်သူဖြစ်သော တောင်သူလယ်သမား၏ဘဝ တိုးတက်လာစေရန်သာမက တိုင်းပြည်၏ အနာဂတ် နောင်လာနောက်သားများ၊ စားရေး၊ နေရေး ချောင်လည်စေရန် ရည်ရွယ်တည်ဆောက်ပေးနေခြင်းဖြစ်ရာ ဆည်ရေကိုအသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်သည်ထက် တိုးတက်လာစေရေး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူဦးရေ တိုးတက်မှုနှင့်အညီ ဆန်စပါးကို ပြည်တွင်း ဖူလုံစွာစားသုံးနိုင်ရန် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြမည်ဆိုပါက မိုးစပါး အနည်းဆုံးဧက ၁၄ သန်း၊ နွေစပါး ဧကလေးသန်း၊ စုစုပေါင်းဧက ၁၈ သန်းစိုက်ပျိုးရန် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းကဲ့သို့သော ဒေသများတွင် မြေဧကနှစ်သန်း ထပ်မံတိုးချဲ့ဖော်ထုတ်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသားလူမျိုးအားလုံး၏ အဓိကစားသုံးသီးနှံဖြစ်သော စပါးဖူလုံပိုလျှံရေးအတွက် နှစ်စဉ် မိုးစပါး ဧက ၁၄ သန်း၊ နွေစပါး ဧက လေးသန်း၊ စုစုပေါင်း ဧက ၁၈ သန်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တစ်ဧကပျမ်းမျှ တင်း ၁၀၀ ထွက်ရှိရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှာ လက်ရှိထွန်ယက်စိုက်ပျိုးနေသည့် မြေဧရိယာ ဧက ၂၃ သန်းခန့်ရှိပြီး တိုးချဲ့စိုက်ပျိုးနိုင်မည့် မြေလွတ်မြေရိုင်းဧကပေါင်းမှာလည်း ၂၃ သန်းကျော် ကျန်ရှိနေသေးသည့်အတွက် မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးမြေဖြစ်လာအောင် အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်း။

နှစ်စဉ် ပြည်တွင်းစားသုံးဆီ ဝယ်ယူတင်သွင်းရသဖြင့် ကုန်ကျစရိတ် ကြီးမားနေကြောင်း၊ မြန်မာနိုင်ငံအတွင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်းစသည့် ဆီထွက်သီးနှံများကို ဖြစ်နိုင်သည့် ဒေသများတွင် တိုးချဲ့ စိုက်ပျိုးသွားရန်လိုကြောင်း၊ ပြည်တွင်း၌ စားသုံးဆီ ဖူလုံသွားမည်ဆိုပါက စားသုံးဆီအတွက် နှစ်စဉ် နိုင်ငံခြားကို ပေးချေနေရသည့် ဒေါ်လာသန်းပေါင်း ရာနှင့်ချီ၍ ကုန်ကျနေသည့် ပမာဏသည် မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ စက်မှုထွန်းကား ရေး အပါအဝင် နိုင်ငံထူထောင် တည်ဆောက်ရေးအတွက် အသုံးချခွင့် ရသွားမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရာသီဥတုအခြေအနေပေးသော နိုင်ငံဖြစ်ရာ ဒေသအလိုက်၊ ရာသီအလိုက် ဖြစ်ထွန်းနိုင်သည့် သီးနှံများကို အောင်မြင်စွာ စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ မိမိတို့အားလုံး အကြံဉာဏ်နှင့် လုပ်အားများ အပြည့်အဝ စိုက်ထုတ်လိုက်ပါက တိုင်းပြည်သည် မလွဲဧကန် တိုးတက်မည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေး ဘဝဖွံ့ဖြိုးလာစေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် မိမိနိုင်ငံသားများ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်လာရေး၊ အလုပ်လက်မဲ့ပပျောက်ပြီး အလုပ်အကိုင်သစ်များ တိုးပွားလာရေးကို အာရုံစိုက်ပြီး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာလျှင် ဒေသတွင်းသာမက ကမ္ဘာ၌ပါ အဆင့်မီနိုင်ငံတစ်နိုင်ငံ ဖြစ်လာမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ ပထဝီအနေအထားနှင့် ရာသီဥတုအခြေခံကောင်းမွန်မှု၊ ရေသယံဇာ၊ မြေသယံဇာတ ဓာတ်သတ္တုနှင့် သစ်တောသယံဇာတ ကြွယ်ဝမှုတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားသာချက်များဖြစ်သည်။ ထိုသယံဇာတများကို စွမ်းအားပြည့် အသုံးချနိုင်ရေးအတွက် လိုအပ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံ ပြည့်စုံလုံလောက်အောင် စဉ်ဆက်မပြတ် ဖော်ဆောင်ပေးနေပါသည်။ နိုင်ငံတော်အတွက် ပင်မစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာစေရန် အတွက်လည်း မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့ကြောင့် အနာဂတ်အတွက် ထားရှိဖော်ဆောင်ပေးနေသော နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်အောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံကဲ့သို့ အစစအရာရာ အခြေခံမှစပြီး ပြန်လည်ထူထောင်တည်ဆောက်နေရသည့် အခြေအနေမျိုးတွင် နိုင်ငံတော်၏ စွမ်းအားနှင့် အရင်းအမြစ်မှန်သမျှကို အမျိုးသားအကျိုးစီးပွားအတွက် ရေးရှုပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်လိုသည့် ဆန္ဒကို ဖြည့်ဆည်းနိုင်ရန် အခါမလပ် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ယခုအခါ နိုင်ငံစီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုအတွက် ခြိုးခြံချွေတာရေး၊ ကုန်ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာရေးနှင့် သွင်းကုန်အစားထိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ ပိုင်နက်ဖြစ်သည့် ရေပိုင်နက်နှင့် မြေပိုင်နက်များတွင် သယံဇာတအရင်းအမြစ်များ အလျှံပယ်ပေါကြွယ်ဝလျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါသည်။ အထူးသဖြင့် မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတ၊ ငါး၊ ပုစွန်သယံဇာတ စသည့် သဘာဝအလျောက်ရရှိသည့် သယံဇာတများ နေရာအနှံ့အပြားတွင် ထုထည်ပမာဏ ကြီးမားစွာ ရှိနေပါသည်။ ထိုသယံဇာတများကို ပြည်ထောင်စုကြီး အကျိုးအတွက် စနစ်တကျ အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ရန် အတတ်ပညာ အရင်းအနှီးများ လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ အချို့သော နိုင်ငံများတွင် သဘာဝသယံဇာတ ပြောပလောက်အောင် မရှိသော်လည်း ထိုနိုင်ငံတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်သယံဇာတကို မြင့်မားနေစေရန် အဘက်ဘက်မှ ပြုစုပျိုးထောင်ပြီး ထိုလူ့စွမ်းအားအရင်းအမြစ် သယံဇာတကိုပင် အဓိကထား၍ နိုင်ငံ့စီးပွားရေးကို ထူထောင်တည်ဆောက်သဖြင့် အောင်မြင်မှုရရှိနေသည်ကို တွေ့မြင်နိုင်ပေသည်။

မိမိတို့၏ ရေ၊ မြေ၊ သယံဇာတများကို အကျိုးရှိရှိ အပြည့်အဝ အသုံးပြုနိုင်မှသာလျှင် မိမိတို့၏ အမျိုးသားစီးပွားရေးအင်အား တိုးတက်လာမည်ဖြစ်သကဲ့သို့ လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသားများ အထူးသဖြင့် လူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးကို ဘက်စုံထောင့်စုံ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ယင်းလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် သဘာဝသယံဇာတပေါကြွယ်ဝမှုတို့ဖြင့် နိုင်ငံကို လျင်လျင်မြန်မြန် ကြီးပွားချမ်းသာသည့် နိုင်ငံအဖြစ် ထူထောင်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။

ယင်းသို့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးလိုသည့် နိုင်ငံကြီးအချို့နှင့် အဖျက်သမားများက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ကာ အကျပ်အတည်းဖြစ်စေရန်၊ နိုင်ငံ့စီးပွားရေးကို ထိခိုက်စေရန် လုပ်ဆောင်လျက်ရှိရာ ၎င်းအနှောင့်အယှက် အတားအဆီးများကိုလည်း ရင်ဆိုင်ကျော်လွှားနေရပါသည်။ ယင်းသို့ ပြည်ပစွက်ဖက် နှောင့်ယှက်မှုများကြားမှပင် မိမိနိုင်ငံအတွင်း ဖူလုံရေးအတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်း စေရန် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေပါသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်ရာ၌ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုရှိနေရန် လိုအပ်ပါသည်။ တိုင်းပြည် မတည်မငြိမ်ဖြစ်နေပါက စီးပွားရေးအခြေအနေ တိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ စီးပွားရေးတိုးတက်မှု အခြေအနေနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု အခြေအနေတို့မှာ အပြန်အလှန်ဆက်စပ်နေပါသည်။

အမျိုးသားစီးပွားရေးစွမ်းရည်မြင့်မားရန်အတွက် ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေခြင်းဖြစ်ပါသည်။ ယနေ့ နိုင်ငံတစ်ဝန်းလုံး တည်ဆောက်ရေးလုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိဘဲ အမြဲမပြတ် လှုပ်ရှားသက်ဝင် ဆောင်ရွက်နေသည်ကို အားတက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ထိုသို့ ကိုယ့်ခွန်ကိုယ့်အားအပေါ် အခြေခံပြီး ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ဖြင့် ရနိုင်သမျှ အရင်းအနှီး၊ ရနိုင်သမျှ စွမ်းအင်များကို စုစည်းပြီး စီးပွားရေးအခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်လျက်ရှိသဖြင့် စီးပွားရေးကဏ္ဍ မှန်မှန်ဖွံ့ဖြိုးတိုးတက်လာလျက် ရှိနေပါသည်။

တစ်ဖက်မှလည်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက်ခိုင်မာ၊ ကျစ်လျစ်သည်ထက်ကျစ်လျစ်ပြီး ရေပက်မဝင်သည့် စုစည်းညီညွတ်မှုမျိုးကို တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ ယင်းကဲ့သို့ စုစည်းညီညွတ်သည့် အခြေအနေမှတစ်ဆင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို လေးလေးနက်နက် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားညီလာခံလမ်းကြောင်းမှနေပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာအောင် စိတ်ရှည်ရှည်၊ အမြော်အမြင် ကြီးကြီးထားကာ လုပ်ငန်းဆောင်တာ အဆင့်ဆင့်ကို ညီညီညွတ်ညွတ် ဆောင်ရွက်လျက်ရှိနေပေသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းလာသည့်အခါ အခြေခံဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်အသီးသီးကို အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော်သွားသည်နှင့်အမျှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာပေမည်။

မြန်မာနိုင်ငံအတွက် သင့်လျော်သည်၊ လိုက်ဖက်သည်မှာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပင်ဖြစ်ပါသည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီမဟုတ်လျှင် ယခင်ခေတ်များကဲ့သို့ပင် ကြာကြာမခံဘဲ ယိမ်းယိုင်ပြိုလဲပြီး လွတ်လပ်ရေးဆုံးရှုံးနိုင်သည့် အန္တရာယ်အထိဆိုက်ရောက်တတ်ကြောင်း သတိပြုကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးတိုးတက်ရေး လက်တွေ့လုပ်ငန်းစဉ်များ၌ ကိုယ်စီကိုယ်င ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရာတွင် ခြားနားချက်များကို နှိုင်းယှဉ်ပိုင်းခြားနိုင်ကြရမည် ဖြစ်ပါသည်။ မည်သည့်အရာသည် အပြုသဘောအားထုတ်မှုဖြစ်ပြီး မည်သည့်အရာသည် အဖျက်သဘောလုပ်ဆောင်မှုဖြစ်သည်ဆိုသည်ကို ဝေဖန်ဆန်းစစ်နိုင်ကြရမည်ဖြစ်ပါသည်။ မည်သည့်အရာသည် စည်းလုံးညီညွတ်ရေးကိုဦးတည်ပြီး မည်သည့်အရာသည် ပြိုကွဲရေးကို ဦးတည်နေသည်ဆိုသည်လည်း မြင်နိုင်စွမ်းရှိကြရမည်ဖြစ်ပါသည်။ တည်ဆောက်ရေးဝါဒနှင့် ပျက်သုဉ်းရေးဝါဒ၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုများ၏ ခြားနားချက်များကို ခွဲခြမ်းစိတ်ဖြာပြီး မှန်ကန်သည့်ရပ်တည်ချက်များ ထားရှိဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်သွားရန် မိမိတို့အားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မည်သူက မည်သို့သောနည်းနှင့်မျှ ထပ်မံဖြိုဖျက်၍မရအောင်၊ ကိုင်လှုပ်၍မရအောင် ကာကွယ်နိုင်သည့် စွမ်းရည်သတ္တိ ယနေ့နိုင်ငံသားတိုင်း၌ ထားရှိဆောင်ရွက်သွားကြရမည်ဟူသည့်ခံယူချက်၊ ယုံကြည်ချက်တို့ဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၏ အနှစ်သာရများ ပိုမိုထွန်းကားခိုင်မာအောင်ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ဦးတည်ချက်များ အလေးထား

* အမှုမဲ့အမှတ်မဲ့ နေခဲ့ကြလျှင်
သင်မြတ်နိုးရာ နိုင်ငံသာတွင်
စဉ်လာမြတ်လေး လွတ်လပ်ရေးဆိုတာ
မနေးတစ်ခဏ တဒင်္ဂမှာပဲ
ဖျတ်ခနဲဆို အချိန်တိုအတွင်း
ကျွန်ပြုခြင်းခံရ ဆုံးရှုံးရသည်
ဖြစ်မည်မသွေ လွန်သေချာ၏ သေချာ၏။

* ပြန်ရဖို့တကယ် ကြိုးစားမယ်ဆို
အချိန်တိုနဲ့ ဘယ်လိုမှမရ
သွေးချွေးကျလာ များစွာစတေး
ရင်းနှီးပေးကာ ချိန်တန်ကြာမှ
ပြန်ရတတ်သည့် ပကတိသဘော
အကြီးအကဲပြောဖူး မှတ်သားဖူး၏ မှတ်ဖူး၏။

* ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
စိတ်ထားမလွဲ စဉ်လက်တွဲကာ
မကွဲမပြား အရေးသုံးပါးကို
လေးထားကွယ်ကာ စောင့်ရှောက်ပါမှ
သူငါမြတ်လေး လွတ်လပ်ရေးသည်
အရှည်တည်တံ့စွာ မြဲခိုင်မာ၏ ခိုင်မာ၏။

* ပြည်မြန်မာ၏ ခိုင်မာသည့်ဥပဒေ
ပေါ်ပေါက်စေလို ဒီမိုကရေစီ
နိုင်ငံသစ်တည်ရန် တက်ညီလက်ညီ
ခိုင်ကျည်ဆတိုး ပိုဖွံ့ဖြိုးအောင်
ကြိုးပမ်းဆောင်ရွက် ဦးတည်ချက်ထား
ရှေ့ဆက်သွားရာ မူဝါဒခုနစ်ရပ်
စိတ်ဓာတ်ပြည့်ဝ ပူးပေါင်းကြရေး
အလေးပေးလျက် ဦးထိပ်ရွက်ကာ
လိုက်နာဒို့များ အလေးထား၏ လေးထား၏။

[(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်–]

ဖိုးရန်နိုင်(ကျောက်ကြီး)

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ လိုအပ်လာရင် ပြင်ဆင်သင့်တာကို ပြင်ဆင်ရမှာဖြစ်သော်လည်း မည်သည့်နည်းဖြင့် ပြင်ဆင်မည်၊ မည်ကဲ့သို့ စတင်ဆောင်ရွက်ရမည်ကို သတ်သတ်မှတ်မှတ်ထားရှိဖို့လို

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

ကျွန်တော်ကတော့ ဦးဝင်းမောင်(တမွဝတီ)ဖြစ်ပါတယ်။ ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ စုပေါင်းအကြံပြု ချက်စာတမ်းကို အစုအဖွဲ့ရဲ့ကိုယ်စား စတင်ဖတ်ကြားတင်ပြဆွေးနွေးမှာ ဖြစ် ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နှင့် ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် "ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေး ကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်း"တို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများကို အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့အတွင်း ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ကြရာမှာ စုစုစည်းစည်းနှင့် ထိထိရောက်ရောက် ရှိစေရန်အတွက် အခန်းကဏ္ဍ (၄)ခုအတွက် အဖွဲ့ငယ် (၄) ဖွဲ့ ခွဲပြီး ဆွေးနွေးမှု များ ပြုလုပ်ခဲ့ကြပါတယ်။ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ စိတ်ပါဝင်စားမှု နှင့် ကျွမ်းကျင်မှုရှိရာ ဘာသာရပ်အလိုက် ပါဝင်လိုသည့် အဖွဲ့များတွင် ပါဝင် ဆွေးနွေး အကြံပြုခဲ့ကြပါတယ်။

သဘာပတိကြီးခင်ဗျား–

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့အတွင်း အဖွဲ့ငယ်အသီးသီး၏ အကြံပြုချက်စာတမ်းများ ရေးသားပြုစုကြပြီး အဖွဲ့ငယ် များအတွင်း ဖတ်ကြားတင်ပြ သဘောတူညီမှု ရယူခဲ့ကြပါတယ်။ အဖွဲ့ငယ် (၄)ဖွဲ့မှ ပြုစုရရှိခဲ့ကြသော စာတမ်း (၄)စောင်ကို အစုအဖွဲ့တစ်ခုလုံး၏ အကြံ ပြုချက်စာတမ်းအဖြစ် စုပေါင်း၍ ကဏ္ဍအလိုက်တင်ပြပြီး သဘောတူထောက်ခံမှု ရယူအတည်ပြုခဲ့ကြပါတယ်။

သဘာပတိကြီးခင်ဗျား–

ယင်းဆွေးနွေးအကြံပြုချက်များကို ကဏ္ဍအလိုက် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအပိုင်းအနေနဲ့ **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း"** အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အစု အဖွဲ့အတွင်း လေ့လာသုံးသပ်မှု၊ တိုင်ပင်ဆွေးနွေးမှုများပြုကြပြီး တူညီမှုရရှိတဲ့ အကြံပြုချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အဓိက ကျသော အခြေခံဥပဒေဆိုတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဥပဒေတစ်ရပ် ကို မည်မျှပြည့်စုံကောင်းမွန်အောင် ကြိုးစားရေးဆွဲ ပြဋ္ဌာန်းခဲ့စေကာမူ အခြေအနေ နှင့် အချိန်ကာလအလျောက် ပြင်ဆင်ဖို့ လိုအပ်မှုများရှိလာနိုင်တာ ဓမ္မတာပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ လိုအပ်လာရင် ပြင်ဆင်သင့် တာကို ပြင်ဆင်ရမှာဖြစ်သော်လည်း မည်သည့်နည်းဖြင့် ပြင်ဆင်မည်၊ မည်ကဲ့သို့ စတင်ဆောင်ရွက်ရမည်ကို သတ်သတ်မှတ်မှတ်ထားရှိဖို့ လိုအပ်တာ အမှန်ဖြစ် ပါတယ်။

ဒီလိုပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၊ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် သီးခြားအခန်းဖြင့် ပြဋ္ဌာန်းဆောင် ရွက်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့နည်းလမ်းသတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် အဆိုပြုတင်သွင်းစေပြီး ယင်းဥပဒေကြမ်းတင်သွင်းရာတွင် အခြားအဆိုပြုချက်များ မပါရှိစေဘဲ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကိုသာ ထည့်သွင်းဖော်ပြဖို့ သတ်မှတ်ထားသင့်ကြောင်း ရှင်းလင်းပြောကြားချက်များဟာ နည်းလမ်းကျနပြီး ပြင်ဆင်လိုသည့် ဥပဒေမူကြမ်းကိုသာ အာရုံစူးစူးစိုက်စိုက် လေ့လာသုံးသပ်ဆင်ခြင်နိုင်မည့် အခြေအနေမျိုးဖြစ်၍ အလွန်သင့်မြတ်တယ်လို့ မိမိတို့ အစုအဖွဲ့အနေဖြင့် သဘောရရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆိုလိုလျှင် ဥပဒေမူကြမ်းအဖြစ် တင်သွင်းရန် လိုကြောင်း၊ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပြီးတဲ့နောက်ပိုင်းမှာ အဲဒီလို တင်သွင်းမယ့် ဥပဒေမူကြမ်းကို မည်သည့်လွှတ်တော်က စတင်ပြီး တင်သွင်း ရမယ်ဆိုတာ သတ်မှတ်ထားဖို့လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံမှာ လွှတ်တော်(၂)ရပ်ရှိပြီး၊ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ မှာလွှတ်တော် (၁)ရပ်တည်းသာရှိတာကို လေ့လာတွေ့ရှိရပါတယ်။ သို့သော် လည်း မိမိတို့မြန်မာနိုင်ငံတွင် နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်

အမျိုးသားညီလာခံကိုယ်စားလှယ် တမွဝတီ ဦးဝင်းမောင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

(၂)ရပ် ပေါ်ပေါက်လာမှာဖြစ်ပြီး ယင်းလွှတ်တော် (၂)ရပ်ဟာ ပြည်ထောင်စု လွှတ်တော်ဖြစ်ပါတယ်။ အဲဒီပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေများကို ပြဋ္ဌာန်း ရေးဆွဲသွားမှာဖြစ်ပါတယ်။

ဒါကြောင့်–

"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စု လွှတ်တော်တွင် တင်သွင်းရမည်"လို့ အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်မှာ လျော်ကန်သင့်မြတ်ပါတယ်။

ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက် တင်သွင်းခွင့်မပြုသင့်ဘဲ ပြဋ္ဌာန်းချက်တစ်ရပ်နှင့်ကိုက်ညီမှသာ တင်သွင်းရမယ် လို့ သတ်မှတ်ထားသင့်ကြောင်း၊ မတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်တွင် ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ ၂၀ ရာခိုင်နှုန်း (နှစ်ဆယ် ရာခိုင်နှုန်း)က တင်ပြမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့ သတ်မှတ်ထားသင့်ကြောင်းဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင် ပါရှိပါတယ်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ မကြာခဏလွယ်လင့်တကူတင်သွင်းခြင်းမှ ကင်းဝေး၍ မလိုလားအပ်သည့် အချိန်ကုန်လူပန်းခြင်းတို့မဖြစ်စေရန် လွှတ်တော်ကိုယ်စား လှယ်များ၏ ၂၀ရာခိုင်နှုန်း (နှစ်ဆယ်ရာခိုင်နှုန်း)အစား ရာခိုင်နှုန်းအချိုးကို ပိုမိုတိုးမြှင့်သတ်မှတ်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းကိစ္စ တွင် အလေးအနက်ထားဆင်ဆင်ခြင်ခြင် တင်ပြရေးအတွက် ထိန်းကွပ်ရာရောက် မည်ဟု ထင်မြင်ယူဆမိပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် ပြင်ဆင်ချက်ဥပဒေမူကြမ်း တင်သွင်းရမယ့် နည်းလမ်းတွေကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်များကို မည်သို့ပြင်ဆင်ရမည်ဆိုတဲ့အချက်နှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး ဖော်ပြထားချက်များကို လေ့လာသုံးသပ်ခဲ့ကြပါ တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဓိကကျသည့်ပုဒ်မများ၊ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင် ရမည်ဖြစ်ကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်မှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းဆန္ဒမဲဖြင့် ပြင်ဆင်ရ မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေများထဲမှာ ပြင်ဆင်ရမည့် ပြဋ္ဌာန်းချက် တွေကို သက်ဆိုင်ရာအခန်း၊ ပုဒ်မတွေနဲ့ခွဲခြားပြီး ဖော်ပြမှသာ မည်သည့်အခန်း၊ မည်သည့်ပုဒ်မများကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရမည်ဆိုတာ ရှင်းလင်း လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါတယ်။ ယင်းသို့ ဖော်ပြနိုင်ဖို့ဆိုတာ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အခါကျမှသာ အတိအကျ အသေးစိတ်ဖော်ပြ သွားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခု အသေးစိတ်အခြေခံမူချမှတ်ရာတွင် ချမှတ်ပြီးဖြစ်တဲ့ အခန်းအလိုက်ခေါင်းစဉ်များအပေါ်အခြေပြု၍ မည်သည့်အခန်းကို မည်သည့် နည်းလမ်းဖြင့် ပြင်ဆင်နိုင်တယ်လို့ သတ်မှတ်ဖော်ပြပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲတဲ့အခါကျမှ ပြင်ဆင်ရာတွင်လိုက်နာရမည့်နည်းလမ်း၊ အခန်းနှင့် ပုဒ်မများကို အသေးစိတ်ဖော်ပြပြဋ္ဌာန်းမှသာ ရှင်းလင်းလွယ်ကူမှာ ဖြစ်ကြောင်း သုံးသပ်ရှင်းလင်းပြောကြားချက်ဟာ လျော်ကန်သင့်မြတ်ပါတယ်။ နောင်တွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို ပြည့်စုံစွာ ဖော်ပြထားတဲ့အတွက် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်း ချပြတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမယ့်မူများ အပိုဒ် (၁)မှ (၄) အထိကို အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များမှ နိုင်ငံတော် အလံနှင့်ပတ်သက်၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ သုံးသပ်အကြံပြုချက်ကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြထားသော အလံမှာ (၁)အစိမ်းရောင်၊ အဝါရောင်နှင့်အနီရောင်တို့ကို အလျားလိုက်၊ အချိုး ညီစွာ ဖော်ပြပြီး၊ အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက် သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။ (၂)နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်ဟု ဖော်ပြထားပါတယ်။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြထားသော အလံ၌ ပါရှိသော အစိမ်းရောင်သည် အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်မှုကို တင်စားထားသလို၊ အဝါရောင်သည် စည်းလုံးညီညွတ်ခြင်းကို ညွှန်းဆိုကာ၊ အနီရောင်က ရဲရင့်ပြတ်သားမှုကို ကိုယ်စားပြုကြောင်း ဖော်ပြထားပါသည်။ ယင်းဖော်ပြချက်သည် အဓိပ္ပာယ်ပြည့်စုံပြီး ဦးတည်ချက်ကောင်းမွန်သည်ဟု လက်ခံယူဆပါတယ်။

ကျွန်တော်တို့ အစုအဖွဲ့အနေဖြင့် ကမ္ဘာ့နိုင်ငံ အသီးသီးက သတ်မှတ်ပြဋ္ဌာန်း ထားသည့် အလံများကို လေ့လာကြည့်ခဲ့ကြပါတယ်။ ကမ္ဘာ့နိုင်ငံ ၁၉၄ နိုင်ငံ၏ အလံများအနက် အရောင်သုံးရောင်ကို အလျားလိုက် အချိုးညီစွာ ဖော်ပြထား သော အခြေခံဒီဇိုင်းပုံစံမျိုးရှိသည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိကြောင်း တွေ့ရှိရပါ တယ်။ ယင်းနိုင်ငံများ၏ သုံးရောင်ခြယ်အလံများမှာ မိမိတို့နိုင်ငံ၏ အနေအထား နှင့် လိုက်ဖက်မည့် သုံးရောင်ကိုခြယ်ထားကြပါတယ်။ အသိပညာရှင်၊ အတတ် ပညာရှင်ကိုယ်စားလှယ်များသည် အဆိုပါကမ္ဘာ့နိုင်ငံစုံ အလံများကို လေ့လာ နှိုင်းယှဉ်ကြည့်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ် အချို့က လည်း အလံပုံစံသစ်များ ရေးဆွဲတင်ပြလာကြသည်ကို အပြန်အလှန် ဆွေးနွေး ညှိနှိုင်းကြပါတယ်။ ကိုယ်စားလှယ်အချို့က ကမ္ဘာ့နိုင်ငံများ၏ အလံများကို အထူးပြုလေ့လာပြီး နှိုင်းယှဉ်တင်ပြလာကြပါတယ်။ ယင်းအလံပုံစံသစ် နမူနာ များကို အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အစုအဖွဲ့အတွင်း အကျေအလည် ညှိနှိုင်းဝေဖန်သုံးသပ် ဆွေးနွေးခဲ့ကြပါတယ်။

သဘာပတိကြီးခင်ဗျား–

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တွင် ကိုယ်စား လှယ်အချို့မှာ သမိုင်းရေးရာ၊ မြန်မာမှုရေးရာ နှံ့စပ်သော ပညာရှင်များဖြစ်ပါ တယ်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နဲ့ လွတ်လပ်ရေး ကြိုးပမ်းမှု ကာလ အလံများကို အထူးလေ့လာပြီး ပုံစံများထုတ်၍ တင်ပြကြပါတယ်။ ကမ္ဘာ့အလံများကို နှံ့စပ်သေချာလေ့လာတင်ပြခဲ့သည့် ကိုယ်စားလှယ်များ၊ ရှေးမြန်မာအလံများကိုအခြေခံပြီး အလံပုံစံသစ်ရေးဆွဲ တင်ပြလာသည့် ကိုယ်စား လှယ်ပညာရှိများကို ကျေးဇူးတင်ပါတယ်။ ၎င်းတို့၏ ကြိုးစားအားထုတ်မှုနှင့် ထက်သန်သောစေတနာကို အသိအမှတ်ပြု မှတ်တမ်းတင်ကာ နိုင်ငံတော် အလံ နှင့်ပတ်သက်၍ အစုအဖွဲ့ဝင်အားလုံး အလေးအနက် ဆွေးနွေးခဲ့ကြပါတယ်။

ကိုယ်စားလှယ်အချို့က လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် နိုင်ငံတော်အလံသစ်ပါ အစိမ်း၊ အဝါ၊ အနီသုံးရောင်ခြယ်အလံနှင့် ကြယ်ဖြူ ထားရှိမယ့်နေရာကို ဆွေးနွေးတင်ပြကြပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အလံသစ်အဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြခဲ့သော အလံ နမူနာတွင်ပါရှိသည့် အစိမ်း၊ အဝါ၊ အနီ ကန့်လန့်စင်းအရွယ်ညီ သုံးရောင် ခြယ်အလံသည် အဓိပ္ပာယ်ပြည့်ဝလေးနက်ကြောင်း သုံးသပ်ရရှိခဲ့ကြပါတယ်။ မပြိုမကွဲ ထာဝရ အစဉ်ခိုင်မြဲတည်တံ့နေမည့် တစုတလုံးတည်းသော ပြည်ထောင်စုကြီး၏ ထွန်းတောက်ဝင်းပမှုကို ဖော်ကျူးသည့် ကြယ်ဖြူကြီး တစ်ပွင့်သည် အလံ၏လက်ဝဲဘက်အပေါ်ထိပ်၊ အစိမ်းရောင်အတွင်း၌ ခံ့ညားစွာ ရှိနေသင့်ပါသည်။

သို့ပါ၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြခဲ့သော နိုင်ငံတော်အလံနှင့် ပတ်သက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ်–

၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်–
နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

လက်တွေ့ကျကျစဉ်းစားလျှင် နိုင်ငံတော်၏ မြို့တော်သည် အစိုးရအုပ်ချုပ်ရေးရုံးစိုက်တဲ့ နေပြည်တော်သာဖြစ်သင့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သော ပြည်ထောင်စုနယ်မြေအဖြစ် ဆက်လက်ထားရှိသင့်

★ စာမျက်နှာ ၆ မှ

၂။ **နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။** ဟူ၍ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်၍ နိုင်ငံတော်တံဆိပ်နှင့်ပတ်သက်၍ တင်ပြရလျှင် မြန်မာနိုင်ငံတော် လွတ်လပ်ရေးရခါစအချိန်ကပင် စတင်သုံးစွဲခဲ့တဲ့ ကေသရာဇာခြင်္သေ့မင်းရုပ်ပုံများနှင့် မြန်မာနိုင်ငံမြေပုံပါ ကနုတ်ပန်းများ ခြံရံထားသော နိုင်ငံတော်တံဆိပ်ဟာ မြန်မာနိုင်ငံသားများရဲ့ အမြင်မှာ ခံ့ညားစွဲမြဲနေပြီဖြစ်ပါတယ်။ ဒီတံဆိပ်ဟောင်းကိုပဲ ခေတ်အခြေအနေနဲ့ လျော်ညီအောင် အနည်းငယ်ပြုပြင်ပြီး တင်ပြထားတဲ့ **"နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်"** ဟာ လက်ခံသင့်တဲ့ ပုံစံဖြစ်ပါတယ်။

နိုင်ငံတော်တံဆိပ်နဲ့ပတ်သက်ပြီး မြန်မာမှုပညာရှင်၊ သမိုင်းပညာရှင်၊ ပန်းဆယ်မျိုးပညာရှင် ကိုယ်စားလှယ်များက သမိုင်းအမြင်၊ ခေတ်အမြင်နဲ့ ပေါင်းစပ်ပြီး နိုင်ငံတော်တံဆိပ်အပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည်များကို သုံးသပ်၍ အကြံဉာဏ်သစ်၊ ပုံစံသစ်များ၊ ရေးဆွဲတင်ပြခဲ့ကြပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များက ပညာရှင်ကိုယ်စားလှယ်ကြီးများ တင်ပြချက်ကို အလေးဂရုပြု၍ စဉ်းစားသုံးသပ်ကြပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သော နိုင်ငံတော် တံဆိပ်တွင် ပြည်ထောင်စုကိုယ်စားပြု ကြယ်ပွင့်ကြီးတစ်ပွင့်၊ မြန်မာတို့၏ ရဲရင့်တည်ကြည်ပြတ်သားမှုကို ဖော်ကျူးသော ခြင်္သေ့ရုပ်၊ ကိုယ်ပိုင်ယဉ်ကျေးမှု အနုပညာ ကြွယ်ဝသည့် မြန်မာတို့၏ မြန်မာမှုသင်္ကေတဖြစ်သော ကနုတ်ပန်းခက်များ ဝန်းရံထားပြီး မြန်မာနိုင်ငံမြေပုံကိုဖော်ပြထားခြင်း "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်" ဟူသော စာတန်းဖော်ပြခြင်းတို့သည် ပြည့်စုံလုံလောက်၍ အဓိပ္ပာယ်အနှစ်သာရ ပြည့်ဝသည်ဟု သုံးသပ်ရရှိပါတယ်။

သို့ပါ၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြတဲ့ နိုင်ငံတော်တံဆိပ်နှင့်ပတ်သက်ပြီး နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ဖော်ပြပြီး–

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"နိုင်ငံတော်သီချင်းအဖြစ် လက်ရှိ နိုင်ငံတော်သီချင်းကို သတ်မှတ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှာ ဂီတပညာရှင်များ၊ စာပေပညာရှင်များလည်း ပါဝင်ပါတယ်။ နိုင်ငံတော်သီချင်းအကြောင်းကို အတွေ့အကြုံများအရ သုံးသပ်ရမယ်ဆိုရင်–

နိုင်ငံတော်သီချင်းဟာ သမိုင်းကြောင်းအရ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပြီး စာသားအကြောင်းအရာအနေနဲ့ နိုင်ငံတော် မူဝါဒများနဲ့ အနာဂတ်မျှော်မှန်းချက်တို့ကို ထင်ဟပ်ဖော်ပြဖို့လိုပါတယ်။ ဂီတပိုင်းနဲ့ စပ်လျဉ်းပြီးတော့ နိုင်ငံတော်သီချင်းဟူသော အမည်နဲ့အညီ အမျိုးသားဟန်အပြည့်ပါရှိရပါမယ်။ တေးသွားသံစဉ်ကလည်း တည်ကြည်ခံ့ညားပြီး လေးနက်တက်ကြွမှုရှိရပါမယ်။ ခေတ်ကာလတွေကိုကျော်လွှားပြီး တည်တံ့နိုင်တဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံနဲ့အဝန်း မူလတန်းကလေးသူငယ်များအပါအဝင် ပြည်သူသန်းနဲ့ချီပြီး လွယ်လွယ်ကူကူ သီဆိုနိုင်အောင် အဆန်းအကွန့်တွေမပါတဲ့ ရိုးရှင်းလွယ်ကူပြီး နားစွဲဖို့လည်းလိုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုလက်ရှိ နိုင်ငံတော်သီချင်းဟာ မူလအစက လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း နယ်ချဲ့တော်လှန်ရေးအင်အားစုများထဲက သန္ဓေတည်ပေါက်ဖွားခဲ့ပြီး လွတ်လပ်ရေးရတဲ့ကာလမှာ ပီပီသသဖြစ်လာခဲ့တဲ့သမိုင်းဝင်သီချင်းဖြစ်ပါတယ်။ နိုင်ငံတော်က တန်ဖိုးထားတဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူညီမျှခံစားခွင့်ရှိခြင်း စတာတွေကို ကျစ်လျစ်သိပ်သည်းစွာ ဖော်ကျူးထားတဲ့သီချင်းလို့လဲ ဆိုနိုင်ပါတယ်။

"ကမ္ဘာမကြေ မြန်မာပြည်" ဆိုတဲ့စကားကို "ကမ္ဘာဆုံးသည့်တိုင်အောင် မြန်မာပြည်၊ မြန်မာလူမျိုးတို့ မကြေမပျောက်စေရဘူး"ဆိုတဲ့ အဓိပ္ပာယ်ရှိတာမို့ "ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ"ဆိုတဲ့အချက်ကို အလေးအနက် ဖော်ပြနေတာဖြစ်ပါတယ်။ ဒါကြောင့် စာသားအနှစ်သာရ ပြည့်ဝပြီး ကျစ်လျစ်ခိုင်မာစွာ ရေးဖွဲ့ထားတာကို လက်ရှိ နိုင်ငံတော်သီချင်းမှာ တွေ့ရပါတယ်။

တေးသွားအနေနဲ့က အမျိုးသားဟန် စည်တော်ကြီးနဲ့ပဲ ရှမ်းရှမ်း၊ ကမ္ဘာ့ခေတ်အမီဆုံး Orchestra ဝိုင်းနဲ့ပဲတီးတီး၊ အမျိုးသားဟန်ရော၊ ကမ္ဘာ့ဟန်နဲ့ပါ တီးမှုတ်လို့ရတဲ့ တေးသွားသံစဉ်၊ ပြည်ထောင်စုတစ်ဝန်းလုံး အသက်အရွယ်မရွေး၊ လူမျိုးမရွေးသီဆိုနိုင်တဲ့အသံ၊ ရိုးရှင်းလွယ်ကူပြီး တက်ကြွတဲ့အသံဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးက ပြည်သူတို့ရဲ့အောင်ပွဲတိုင်းမှာ မိုးလုံးပဲ့တင်ဟိန်းအောင် ဟစ်ကြွေးသီဆိုနိုင်တဲ့ အားမာန်ပါသော အသံဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တင်ပြခဲ့တဲ့အချက်အလက်များအရ လက်ရှိနိုင်ငံတော်သီချင်းဟာ ပြည်သူတစ်ရပ်လုံးရဲ့ နှလုံးအိမ်မှာ အခိုင်အမာစိမ့်ဝင်နေပြီဖြစ်လို့–

အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစိန်ကြည် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သီချင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရာမှာ–

" နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မြို့တော်သတ်မှတ်ရေးနဲ့ စပ်လျဉ်း၍ တင်ပြပါ့မယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်၏ မြို့တော်သတ်မှတ်ရေးနဲ့ စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာမှာ အကျိုးအကြောင်း ဖော်ပြချက်များနှင့်တကွ ရှင်းလင်းပြီး–

"နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ပြောကြားခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ဟာ ဆွေးနွေးအကြံပြုရန် ကိစ္စပေါ်တိုင်း ညီလာခံအခြေခံမူများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များကို ရည်ညွှန်းကိုးကားပြီး ဆွေးနွေးစဉ်းစားကြပါတယ်။ နိုင်ငံတော်၏ မြို့တော်နှင့် ပတ်သက်၍ အမျိုးသားညီလာခံစစဉ်ကာလ အခန်းခေါင်းစဉ်များနှင့် ပါဝင်ရမယ့်အချက်များမှာ "နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့ဖြစ်သည်" လို့ သတ်မှတ်ခဲ့သလို ရန်ကုန်မြို့ကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ်ထားရှိကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ယနေ့မျက်မှောက်ကာလသည် ညီလာခံစတင်ခဲ့သည့် ကာလနှင့် အတန်ကွာလှမ်းခဲ့ပြီဖြစ်သလို မြို့တော်သတ်မှတ်ရန် အခြေအနေဟာလဲ ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။

အုပ်ချုပ်ရေးရုံးစိုက်ရာကို မြန်မာပြည်အလယ်ပိုင်းသို့ ပြောင်းရွှေ့လိုက်ခြင်းအားဖြင့် အုပ်ချုပ်ရေးအရ ဝေးလံခေါင်ဖျားဒေသများအထိ ပိုမိုထိထိမိမိ အုပ်ချုပ်ကွပ်ကဲနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပြည်ထောင်စုကြီးအနေနှင့် ပို၍အချိုးညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ခြင်း စတဲ့ အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာနိုင်မှာဖြစ်လို့ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပိုပြီး အချက်အချာကျတဲ့နေရာမှာ နေပြည်တော်ကို တည်ထောင်ပြီးရုံမက ပြောင်းရွှေ့ရုံးစိုက်ထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ကို ရန်ကုန်အဖြစ်တစ်ချိန်က လက်ခံခဲ့သော်လည်း လက်တွေ့ကျကျ စဉ်းစားလျှင် နိုင်ငံတော်၏ မြို့တော်သည် အစိုးရအုပ်ချုပ်ရေးရုံးစိုက်တဲ့ နေပြည်တော်သာ ဖြစ်သင့်ပါတယ်။ ရန်ကုန်မြို့ကတော့ စီးပွားရေးအရသာမက ပထဝီအနေအထားအရ အရေးပါဆုံး တံခါးပေါက်အဖြစ် ဆက်လက်တည်ရှိသွားမှာ ဖြစ်တဲ့အတွက် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သော ပြည်ထောင်စုနယ်မြေအဖြစ် ဆက်လက်ထားရှိသင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုကျွန်တော်တင်ပြခဲ့တဲ့ အကြောင်းအချက်များအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်နှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ်အဖြစ်–

"နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"

လို့ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိန်ကြည်က ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ အချုပ်အခြာအာဏာကို ခွဲဝေပိုင်းခြားကျင့်သုံးမှုဆိုင်ရာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာမူများကို ချမှတ်ကြရပါတယ်။ အဲဒီမူတွေကို စုစည်းလိုက်တဲ့အခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာပါတယ်။

အခြေခံဥပဒေရေးဆွဲဖို့ ကမကထပြုရတဲ့ အစိုးရအဖွဲ့အစည်းများလည်း ရှိရပါတယ်။ အခြေခံဥပဒေရေးဆွဲပြီးတဲ့အခါ အတည်ပြုတဲ့ နည်းလမ်းများလည်း အမျိုးမျိုးရှိပါတယ်။ နိုင်ငံတချို့မှာ အာဏာပိုင်သမ္မတက လက်မှတ်ထိုး အတည်ပြုပြဋ္ဌာန်းပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဥပဒေပြုလွှတ်တော်များက အတည်ပြုပြဋ္ဌာန်းပါတယ်။ ပြည်သူလူထုက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွေမှာ ထောက်ခံမဲပေးပြီး အတည်ပြုပြဋ္ဌာန်းတာမျိုးလည်းရှိပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကျင်းပပြီး ပြည်သူလူထုကြီးရဲ့ ထောက်ခံမှုနဲ့ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။

အခုအမျိုးသားညီလာခံကြီးက အခြေခံမူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို ဒီမိုကရေစီနည်းကျ ချမှတ်ပြီးတဲ့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့က ရေးဆွဲပုံဖော်တော့မှာဖြစ်ပါတယ်။ နိုင်ငံတော်က ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ စတုတ္ထလုပ်ငန်းစဉ်ဟာ အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်ကတည်းက ရေးဆွဲခဲ့ပါတယ်။ သို့သော်လည်း အဲဒီ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲဖို့ ကမကထလုပ်ခဲ့တာက ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်နဲ့ မြန်မာနိုင်ငံကြားဖြတ်အစိုးရဖြစ်ပါတယ်။ အဲဒီတုန်းက အခြေခံဥပဒေရှိမှ ဖြစ်မှာမို့ လွတ်လပ်ရေးရရှိမည့်နေ့အမီ အမြန်ရေးဆွဲခဲ့ရတာပါ။ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးက ယင်းအခြေခံဥပဒေကို အတည်ပြုပေးခဲ့တာပါ။

၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကိုတော့ တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးအစိုးရက ကမကထပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီအခြေခံဥပဒေရေးဆွဲရာမှာတော့ ပြည်သူဆီက အကြံဉာဏ်တောင်းခံတယ်။ ပထမမူကြမ်းကို အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်က ရေးဆွဲတယ်။ ပြည်သူထဲကို ပထမမူကြမ်းချပြတယ်။ အကြံဉာဏ်ထပ်ယူတယ်၊ ဒုတိယမူကြမ်းရေးဆွဲတယ်၊ အောက်ခြေအထိချပြတယ်၊ အကြံဉာဏ်ထပ်ယူပြီး တတိယမူကြမ်းရေးဆွဲတယ်၊ ပြီးတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

မကြာမီ ပေါ်ထွန်းတော့မှာဖြစ်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ကမကထပြုပြီး အမျိုးသားညီလာခံကျင်းပပေးတယ်။ ပြည်နယ်၊ တိုင်း ဒေသစုံက တိုင်းရင်းသားစုံ၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်း၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ၊ နိုင်ငံရေးအတွေ့အကြုံရှိတဲ့ အငြိမ်းစားသံတမန်များ၊ သမိုင်းပညာရှင်များ စတဲ့ ကိုယ်စားလှယ်တစ်ထောင်ကျော်က အချိန်ယူဆွေးနွေးညှိနှိုင်းပြီး အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချပေးပါတယ်။ ညီလာခံကြီး အောင်မြင်ပြီးဆုံးတဲ့နောက် အခြေခံဥပဒေကို ဥပဒေပုံစံတကျ ရေးဆွဲကြမှာဖြစ်ပါတယ်။ ပေါ်ထွန်းလာမယ့် အခြေခံဥပဒေကို ပြည်သူလူထုကြီးရဲ့ အတည်ပြုချက်နဲ့ ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ ခု နိုဝင်ဘာလ ၁၃ ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့တဲ့ အချက်အလက်များဟာ တင်ပြခဲ့တဲ့ နိုင်ငံတိုင်း၊ အခြေခံဥပဒေတိုင်းမှာ ပြဋ္ဌာန်းကြရမြဲဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မူများ ဖြစ်လာသင့်တဲ့ အမှတ်စဉ် (၁)မှ (၈)ပါ ကူးပြောင်းရေးကာလအတွက် မုချလိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများဖြစ်တာ ကျွန်တော်တို့ အစုအဖွဲ့က သုံးသပ်ရရှိပါတယ်။

ဒါ့ကြောင့် ကျိုးကြောင်းဆီလျော်မှုရှိပြီး ကူးပြောင်းရေးကာလတိုင်းမှာ ပါဝင်နေကျသဘာဝဖြစ်တဲ့ အောက်ပါမူများကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်–

၁။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။**

၂။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ★

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်အတွင်းမှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေသာဖြစ်သင့်ကြောင်း သုံးသပ်ရရှိ

☆ စာမျက်နှာ ၇ မှ

ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။

၃။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။**

၄။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။**

၅။ **တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

၆။ **တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

၇။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်။**

၈။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့်တပ်မတော်အပါအဝင်ဌာနဆိုင်ရာအဖွဲ့အစည်းများ၌အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်။**

ဟူ၍ စုစည်းတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိသင့်တဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့် မူများနဲ့ ပတ်သက်တဲ့အချက်တွေကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီမှာ စုစုပေါင်း အခြေခံသင့်တဲ့အချက် (၂၆)ချက်ပါရှိပါတယ်။ ဒီ (၂၆)ချက်ကို ပြန်လည်ခွဲခြားသုံးသပ်ကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဖြစ်သင့်ကြောင်း၊ နိုင်ငံတော်ရဲ့ရုံးသုံးစာဟာ မြန်မာစာဖြစ်ပြီး မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်ပုံ၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်မှာ ထိန်းသိမ်းရန်စတာတွေနဲ့ သက်ဆိုင်တာက (၆)ချက်ပါရှိပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ စီးပွားရေးဖက်စပ်လုပ်ကိုင်နိုင်ခြင်းက (၁)ချက်၊ စာချုပ်များနဲ့ပဋိညာဉ်များကို လေးစားလိုက်နာသင့်ကြောင်း ဖော်ပြတာက (၂)ချက်နဲ့ ကျန်အချက်များကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းမှုနဲ့ဆိုင်တဲ့ အချက်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုရေးဆွဲပြဋ္ဌာန်းမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်စေပြီး နိုင်ငံတော်ရဲ့သမိုင်းကြောင်းကို ထင်ဟပ်စေပါတယ်။ ဒီအခြေခံဥပဒေမှာ နိုင်ငံတော်မှာ ကျင့်သုံးမယ့်၊ နိုင်ငံရေး၊ စီးပွားရေးပုံစံများနဲ့ အာဏာသုံးရပ်ကို ဘယ်လိုခွဲဝေကျင့် သုံးမယ်ဆိုတာ ပါရှိပါတယ်။ ဒီဥပဒေအပေါ်အခြေခံပြီးမှသာ နိုင်ငံအတွက်လိုအပ်တဲ့ တခြားဥပဒေများကို ရေးဆွဲရခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်အတွင်းမှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေသာဖြစ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူမျိုးပေါင်းတစ်ရာကျော်နဲ့ ဖွဲ့စည်းထူထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပြီး ဒီနိုင်ငံသားအားလုံးဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ရုံးသုံးစာအဖြစ် မြန်မာစာကို အသုံးပြုသင့်ပါတယ်။ မြန်မာစာဟာ မြန်မာ့သမိုင်းနဲ့အတူ နှစ်ပေါင်းထောင်ချီပြီး တည်တံ့ဖွံ့ဖြိုးခဲ့တဲ့ စာဖြစ်ပါတယ်။ ဗုဒ္ဓအယူဝါဒနဲ့အတူ ပါဠိဘာသာကိုလည်းကောင်း၊ အင်္ဂလိပ်ဘာသာကိုလည်းကောင်း မြန်မာမှုပြုပြီး မိမိစကား၊ မိမိဘာသာကိုကြွယ်ဝ အောင်လုပ်ခဲ့ကြပါတယ်။ မြန်မာစာကိုရုံးသုံးစာပြုခြင်းဟာ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာမြင့်မားခြင်း၊ ဇာတိဂုဏ် ထက်မြက်ရှင်သန်ခြင်းကိုလည်းဖြစ်စေပါတယ်။ မြန်မာစာပေနဲ့စကားဟာ တခြားနိုင်ငံကြီးတွေမှာ တရားဝင်အသုံးပြုနေတဲ့စာ၊ စကားများလိုပဲ အဘက်ဘက်က ခိုင်မာပြည့်စုံတဲ့စာနဲ့ စကားလည်းဖြစ်ပါတယ်။ ခက်ခဲနက်နဲတဲ့ ပညာရပ်အမျိုးမျိုးကို လွှမ်းခြုံ ထင်ဟပ်ဖော်ပြနိုင်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး လွယ်ကူစွာ နားလည် သဘောပေါက်စေနိုင်ပါတယ်။ ပြည်သူနဲ့အစိုးရ၊ အစိုးရအဖွဲ့ အစည်းအချင်းချင်း ဆက်သွယ်ရာမှာလည်း တညီတညွတ်တည်း ဖြစ်စေနိုင်ပြီး၊ တိကျပီပြင်တဲ့ အနက်အဓိပ္ပာယ်များကိုလည်း ဖော်ထုတ်နိုင်တဲ့စာလည်းဖြစ်ပါတယ်။ မြန်မာစာကို ရုံးသုံးစာအဖြစ် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ပြဋ္ဌာန်းခဲ့ဖူးတဲ့အပြင် ၁၉၉၃ ခုနှစ်က စတင်ကျင်းပတဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာလည်း အခြေခံမူအဖြစ် ချမှတ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြခဲ့တဲ့ အပိုဒ် ၁ မှ ၆ အထိ ပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအတွင်းရှိ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ရေး၊ မြန်မာစာကိုရုံးသုံးစာအဖြစ် သတ်မှတ်ရေး၊ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပိုဒ်၊ ပုဒ်မ၊ ပုဒ်မခွဲ၊ စကားလုံး စတာတွေရဲ့ အနက်အဓိပ္ပာယ်၊ သဘောအယူအဆ ဖွင့်ဆိုရာမှာလည်းကောင်း၊ လမ်းညွှန်အဖြစ် သတ်မှတ်ရေး၊ တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး၊ ဥပဒေကို ကိုးကားရေးနဲ့ အမျိုးသားမော်ကွန်းတိုက်မှာ မြန်မာစာမူတစ်ခုကို မော်ကွန်းတင်ထားရှိရေး စတဲ့ အချက်တွေကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်မှာလုပ်ကိုင်ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းများမှာ ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရမယ့် စီးပွားရေးလုပ်ငန်းများလည်းပါရှိမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နဲ့ နိုင်ငံတော်ကဖွဲ့စည်းထူထောင်ခွင့်ပြုထားတဲ့ သမဝါယမအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကတစ်ဦးဦး စတာတွေကို ပြည်ထောင်စု အစိုးရအဖွဲ့နဲ့ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်စေနိုင်တဲ့ အပိုဒ် ၇ ဟာလည်း စည်းကမ်းသတ်မှတ်ချက်နဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါတယ်။

အပိုဒ် ၈ နဲ့ ၉မှာတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ချုပ်ဆိုခဲ့တဲ့ စာချုပ်များအရ ပေါ်ထွက်လာတဲ့ တရားမျှတတဲ့ တာဝန်များ၊ ထိုတာဝန်များကို စာချုပ်ပါ အခြားနိုင်ငံကလည်း လေးစားပါက ထားရှိအပ်သော ပဋိညာဉ်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကလည်း လေးစားရန်ဖြစ်ပါတယ်။ အဆိုပါ စာချုပ်များအရ ပေါ်ပေါက်လာတဲ့တာဝန်များ၊ ပဋိညာဉ်များနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကို တရားစွဲဆိုရန်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံက တရားစွဲဆိုနိုင်ရန် ဖြစ်စေ၊ တရားစွဲဆိုခံနိုင်ခွင့်၊ တရားစွဲဆိုခွင့်များပြုရန် အသေးစိတ်အခြေခံရမယ့်မူများဖြစ်ပါတယ်။ ဒီအချက်တွေဟာလည်း နိုင်ငံတကာက ကျင့်သုံးလျက်ရှိကြပြီး ယခင်မိမိတို့နိုင်ငံရဲ့ အခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းခဲ့ဖူးခြင်းရှိတဲ့အတွက် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်တဲ့ အပိုဒ် ၁၀ မှ ၁၉ အထိ အချက်များကို အောက်ပါအတိုင်းတွေ့ရှိရပါတယ်။ အဓိကကတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနဲ့ အဖွဲ့ဝင်များသတ်မှတ်မှု၊ အဖွဲ့ဝင်များရဲ့ အရည်အချင်းနဲ့ ၎င်းတို့ရဲ့လုပ်ငန်းဆောင်ရွက်လုပ်ပိုင်နိုင်ခွင့်၊ ၎င်းတို့အား စွပ်စွဲပြောဆိုခွင့်များဖြစ်ပါတယ်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်လျှင် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ အငြင်းပွားဖွယ် ရာများရှိလာလျှင် ဆုံးဖြတ်ပေးဖို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ခုဖွဲ့စည်းထားရှိသင့်ပါတယ်။ အရေးကြီးတဲ့ ဆုံးဖြတ်ဆောင်ရွက်မှုများ ပြုလုပ်ရမှာဖြစ်တဲ့အတွက် အဖွဲ့ဝင်များဟာ ရင့်ကျက်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးကိစ္စတွေမှာ နှံ့စပ်သူဖြစ်ရပါမယ်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ တရားသူကြီးများရဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံသူဖြစ်သင့်ပါတယ်။

(ခ) အဖွဲ့ဝင် အရေအတွက်ကိုလည်း နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများက အရေအတွက် တူညီစွာ ရွေးချယ်ခန့်ထားတဲ့သူများဖြစ်ပြီး ၎င်းတို့ဟာ လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်နိုင်သူများဖြစ်သင့်ပါတယ်။ ဒီလို ရွေးချယ်ထားသူတွေကို ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကလည်း သဘောတူသူများဖြစ်ရပါမယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း အထူးငြင်းပယ်စရာ သတ်မှတ်အရည်အချင်းနဲ့မညီသူလို့ မဖော်ပြနိုင်လျှင် မငြင်းပယ်သင့်ပါဘူး။ ငြင်းပယ်ခွင့်ရလို့ ငြင်းပယ်လျှင်လည်း သမ္မတက ထပ်မံပြီး အစားထိုးရွေးချယ် တင်ပြခွင့်ရှိရမှာလည်းဖြစ်ပါတယ်။ ခုံရုံးအဖွဲ့ရဲ့ သက်တမ်းဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းနဲ့အညီ ငါးနှစ်သတ်မှတ်ပြီး အကယ်၍ သက်တမ်းကျော်လွန်သွားပါကလည်း ထပ်မံဖွဲ့စည်းပေးမယ့် ခုံရုံးဖွဲ့စည်းပြီးသည့်အချိန်ထိ ထားရှိသွားရန်ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌများကိုလည်း ထိုနည်းအတူ ခန့်ထားတာဝန်ပေးထားပါတယ်။

(ဂ) ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးခံရတဲ့ပုဂ္ဂိုလ်ဟာ မိမိတာဝန်ယူဆောင်ရွက်ရတဲ့အလုပ်မှာ ဘက်လိုက်မှု၊ ဩဇာအရှိန်အဝါ သုံးစွဲမှုစတာတွေနဲ့ ကင်းလွတ်ပြီး လွတ်လွတ်လပ်လပ် ဆုံးဖြတ်ဆောင်ရွက်နိုင်အောင် လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်း စသည်ဖြင့် ဖြစ်နေခဲ့ရင် ယင်းတို့ကနေ ထွက်ရပါမယ်။ တကယ်လို့ ပါတီတစ်ခုခုရဲ့ ပါတီဝင်ဖြစ်နေလျှင်လည်း ခုံရုံးအဖွဲ့ဝင်သက်တမ်းတွင် အဆိုပါပါတီရဲ့ လုပ်ငန်းတွေကို မဆောင်ရွက်သင့်ပါဘူး၊ ခုံရုံးအဖွဲ့ဝင်တစ်ဦးဟာ အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင်အဖြစ်က မိမိဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ရှိရမှာဖြစ်ပြီး သမ္မတထံစာဖြင့်တင်ပြရန် လိုအပ်ပါမယ်။ သမ္မတကလည်း လျော့နည်းသွားတဲ့အဖွဲ့ဝင်နေရာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည် အစားထိုးခန့်အပ်ပေးနိုင်ရမှာ ဖြစ်ပါတယ်။

(ဃ) ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးဟာ မူလအရည်အချင်း သတ်မှတ်စဉ်က အတိုင်း အရည်အချင်းတစ်ခုခု ပျက်ယွင်းလျှင်ဖြစ်စေ၊ အကျင့်သိက္ခာ ပျက်ယွင်းလျှင်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ တာဝန်မကျေပွန်လျှင်ဖြစ်စေ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးကို ပြစ်တင်စွပ်စွဲနိုင်ခွင့်ရှိပါတယ်။ ဒီလို ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါကလည်း ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ရမှာလဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့ အပိုဒ် ၂၀ မှာတော့ ခုံရုံးရဲ့လုပ်ငန်းတာဝန်တွေကို သတ်မှတ်ပေးထားပါတယ်။ အားလုံးလုပ်ငန်းတာဝန် ခုနစ်ချက်ရှိပါတယ်။ ဒီတာဝန်များမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့၊ လွှတ်တော်များက ပြဋ္ဌာန်းပေးဖို့ ဥပဒေများ၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများရဲ့ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များရဲ့ ဆောင်ရွက်ချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီ၊ မညီ၊ ယင်းတို့ အချင်းချင်းအကြား ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ အခြားတာဝန်များကို ဆောင်ရွက်ဖို့အချက်များ အကျုံးဝင်ပါတယ်။ အပိုဒ် ၂၁ မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဟာ ယင်းကိုယ်တိုင်က တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချထားခြင်းလည်းမရှိဘဲ တရားရုံးတစ်ရုံးက အမှုတစ်ခုစီရင်ရာမှာ ဥပဒေပြဋ္ဌာန်းချက်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု ရှိ၊ မရှိ၊ ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှုဖြစ်လျှင် အဆိုပါတရားရုံးက စစ်ဆေးမှုကိုရပ်ဆိုင်းပြီး ခုံရုံးကို တင်ပြအဆုံးအဖြတ်ခံယူသွားရန်ဖြစ်ပါတယ်။ ဒီအငြင်းပွားမှုနဲ့ဆိုင်တဲ့ ခုံရုံးရဲ့ဆုံးဖြတ်ချက်ဟာ အမှုအားလုံးနဲ့လည်း သက်ဆိုင်မှုရှိရပါမယ်။ အထက်ပါအပိုဒ် ၂၀ နဲ့ ၂၁ ပါ ခုံရုံးဆုံးဖြတ်ချက်များဟာလည်း အပြီးအပြတ် အတည်ဖြစ်ရမှာဖြစ်ပါတယ်။ သို့ပါ၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းချပြတဲ့ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(က)မှ (ဆ)အထိ၊ အပိုဒ် ၂၁ နှင့် အပိုဒ် ၂၂ တို့ကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ လုပ်ငန်းတာဝန်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်း၊ ဆုံးဖြတ်ခြင်း၊ သဘောထားပေးရခြင်းဖြစ်ပါတယ်။ ဒီလို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ကိစ္စကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းတဲ့ အပိုဒ် ၂၃ မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရဲ့ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က တိုက်ရိုက်တင်သွင်းခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ ဖော်ပြပါပုဂ္ဂိုလ်များဟာ ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ အကြီးအကဲများဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဖွဲ့အစည်းများရဲ့ တာဝန်ခံများဖြစ်လို့ ယင်းတို့ကို တိုက်ရိုက်တင်သွင်းခွင့်ပြုခြင်းဟာ သဘာဝကျပါတယ်။ အပိုဒ် ၂၄ မှာတော့ တိုက်ရိုက်တင်သွင်းခွင့်မရှိပေမယ့် သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တင်သွင်းခွင့်ပေးထားတဲ့ ပုဂ္ဂိုလ်များအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ ဝန်ကြီးချုပ်များ၊ ယင်းတို့ရဲ့ လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ အနည်းဆုံး ၁၀ ရာခိုင်နှုန်းရှိတဲ့ ကိုယ်စားလှယ်များကို သတ်မှတ်ပေးထားပါတယ်။ ယင်းပုဂ္ဂိုလ်များဟာလည်း ဆိုင်ရာအဖွဲ့အစည်းများရဲ့ တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြပြီး ကိုယ်စားလှယ်အသီးသီးကိုလည်း အရေအတွက်အရ သတ်မှတ်ပေးထားပြီး သတ်မှတ်နည်းလမ်းဖြင့် တင်သွင်းခွင့်ပေးထားခြင်းသည်လည်း ခွင့်ပြုသင့်တဲ့ကိစ္စဖြစ်ပါတယ်။ အပိုဒ် ၂၅ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ဖွဲ့စည်းခြင်း၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် စတာတွေကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရန်ဖြစ်ပြီး အပိုဒ် ၂၆ မှာတော့ အဲဒီလို ပြဋ္ဌာန်းပေးရာမှာ မှီငြမ်းပြုနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့်၊ အဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်ပေးရန် ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အရေးအကြီးဆုံး၊ အဓိကအကျဆုံး၊ အခြေခံအကျဆုံး ဥပဒေကြီးဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များဟာ ယင်းတို့ရဲ့လုပ်ငန်းဆောင်ရွက်မှုများကို ဂုဏ်သိက္ခာရှိရှိ အလေးအနက်ထားဆောင်ရွက်နိုင်ဖို့အတွက် ယခုလို အဆင့်သတ်မှတ်ပေးထားခြင်းဟာ သင့်လျော်မှန်ကန်မှုရှိပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့တဲ့ အပိုဒ် ၂၃ မှ အပိုဒ် ၂၆ အထိကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ အထွေထွေပြဋ္ဌာန်းချက်များ အခန်း

ဖွဲ့စည်းပုံအခြေခံဥပ
ဒီပြဋ္ဌာန်းချက်

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ဒေ
အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တေ
နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအ

သဘာပတိကြီးနဲ့တကွ သဘာပတိ
ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌနဲ့ ကော်မရှ
ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနဲ့
ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥ
အမျိုးသားညီလာခံကိုယ်စားလှယ်များအ
နှစ်ဖြာသော သုခချမ်းသာနှင့် ပြည့်စုံပါစေ
နှုတ်ခွန်းဆက်သအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်
အမျိုးသားညီလာခံ ကိုယ်စားလှယ် သ
ဖြစ်ပါတယ်။

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နဲ့ ၁
ညီလာခံစုံညီ အစည်းအဝေးများမှာ နိုင်ငံ
ရာမှာ ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြ
အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တေ
ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ
ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမ
အခြားကောင်းမွန်တဲ့ အကြံဉာဏ်များရှိခဲ့
မေတ္တာရပ်ခံကြောင်း အမျိုးသားညီလာခံ ကျ
ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီလို
ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ
တင်ပြနိုင်ဖို့ ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၇ရ
ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေ
ဖွဲ့စည်းပေးခဲ့ပါတယ်။ စာတမ်းပြုစုရေးအ
အခန်းလိုက်ခေါင်းစဉ်အလိုက် အကြံပြုချ
ပါတယ်။ စာတမ်းပြုစုရေးအဖွဲ့များကရေးသ
တို့အစုအဖွဲ့ သဘာပတိအဖွဲ့က အသေ
ဒီဇင်ဘာလ ၁၂ရက်ကပြုလုပ်ခဲ့တဲ့ နိုင်ငံ့ဝန်
အစည်းအဝေးမှာတင်ပြပြီး တက်ရော
ကိုယ်စားလှယ်များကို ဝိုင်းဝန်းဆွေးနွေးအ
ဆွေးနွေးအကြံပြုချက်ပြုလုပ်စေပြီးနောက်
လေ့လာစိစစ်သုံးသပ်ပြီး နိုင်ငံ့ဝန်ထမ်းကိုယ
ချက်အဖြစ်စုစည်းပြုစုခဲ့ပါတယ်။ စုစည်းပြ
၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့က က
အဝေးမှာ တင်ပြပြီး တက်ရောက်လာကြတဲ့
များရဲ့ ဆန္ဒသဘောထားကို ရယူကာအ

ကျွန်တော်တို့အစုအဖွဲ့အတွင်း အ
အကြံပြုချက်ကို ဒီကနေ့ကျင်းပတဲ့ အမျိုး
ကျွန်တော်နဲ့အတူ အမျိုးသားညီလာခံ
ဦးသန်းထွန်းတို့က ဖတ်ကြားတင်ပြ
နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံ
သီချင်းနဲ့ မြို့တော်အခန်းနဲ့ ကူးပြောင်းရေးက
ချမှတ်သင့်တဲ့အသေးစိတ်အခြေခံရမယ့်မူ
ဦးစွာဖတ်ကြားတင်ပြပေးမှာဖြစ်ပါတယ်၊

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ
ခေါင်းစဉ်များနဲ့ ရှေ့နောက်အစီအစဉ်တို့
၇ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသ
အခြေခံမူ ချမှတ်ပေးခဲ့ပါတယ်။ အဲဒီလို
ဥပဒေပြင်ဆင်ခြင်းအခန်း”အတွက် အသေ
နိုင်ရေးအတွက် အမျိုးသားညီလာခံကျင်
ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ
၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပ

အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှ
၂၆ ထိကို အသေးစိတ်အခြေခံရမည့်မူ
ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

သို့ပါ၍ အမျိုးသားညီလာခံ ကျင်းပ
ပြောကြားခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအ
ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်
တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူး
အခန်းနှင့်အထွေထွေပြဋ္ဌာန်းချက်များအ
အသေးစိတ်အခြေခံရမည့်မူများသည် ယ
အခြေခံ ရမယ့်မူများအဖြစ် ချမှတ်သင့်ပါ
ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့အခါ အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲရန် မလွဲမသွေလိုအပ်သည့်အပြင် ဒီပြဋ္ဌာန်းချက်များကိုလည်း သတိကြီးကြီးနဲ့ စနစ်တကျ ပြည့်ပြည့်စုံစုံ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းဖို့လို

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနဲ့ ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနဲ့ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခချမ်းသာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံ ကိုယ်စားလှယ် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးစိန်လွင် ဖြစ်ပါတယ်။

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နဲ့ ၁၃ရက်တို့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကိုချမှတ်ရန် သင့်၊ မသင့်နဲ့ အခြားကောင်းမွန်တဲ့ အကြံဉာဏ်များရှိခဲ့ရင်လည်း ဆွေးနွေးအကြံပြုကြဖို့ မေတ္တာရပ်ခံကြောင်း အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီလို ရှင်းလင်းပြောကြားခဲ့တာနဲ့အညီ ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့အနေနဲ့ အကြံပြုချက် တင်ပြနိုင်ဖို့ ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၇ရက်နေ့ကကျင်းပခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးက စာတမ်းပြုစုရေးအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ စာတမ်းပြုစုရေးအဖွဲ့သုံးဖွဲ့က မိမိတို့နဲ့သက်ဆိုင်တဲ့ အခန်းလိုက်ခေါင်းစဉ်အလိုက် အကြံပြုချက်စာတမ်းများ ရေးသားပြုစုခဲ့ကြပါတယ်။ စာတမ်းပြုစုရေးအဖွဲ့များကရေးသားပြုစုတဲ့ စာတမ်းများကို ကျွန်တော်တို့အစုအဖွဲ့ သဘာပတိအဖွဲ့က အသေးစိတ်လေ့လာစိစစ်ပြီး ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၁၂ရက်ကပြုလုပ်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးမှာတင်ပြပြီး တက်ရောက်လာတဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုစေခဲ့ပါတယ်။ အဲဒီလို ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်ပြုလုပ်စေပြီးနောက် အစုအဖွဲ့သဘာပတိက အပြီးသတ်လေ့လာစိစစ်သုံးသပ်ပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြုချက်အဖြစ်စုစည်းပြုစုခဲ့ပါတယ်။ စုစည်းပြုစုထားတဲ့ အကြံပြုချက်စာတမ်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ အစုအဖွဲ့အစည်းအဝေးမှာ တင်ပြပြီး တက်ရောက်လာကြတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားကို ရယူကာအတည်ပြုခဲ့ပါတယ်။

ကျွန်တော်တို့အစုအဖွဲ့အတွင်း အကျေအလည်ညှိနှိုင်းပြီး ပြုစုထားတဲ့ အကြံပြုချက်ကို ဒီကနေ့ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ကျွန်တော်နဲ့အတူ အမျိုးသားညီလာခံ ကိုယ်စားလှယ်ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းတို့က ဖတ်ကြားတင်ပြကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြုချက်မှာပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့ မြို့တော်အခန်းနဲ့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းတဲ့ အကြံပြုချက်ကို ဦးစွာဖတ်ကြားတင်ပြပေးမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့်အခန်းခေါင်းစဉ်များနဲ့ ရှေ့နောက်အစီအစဉ်တို့နဲ့ စပ်လျဉ်းပြီး ၁၉၉၃ခုနှစ် ဧပြီလ ၇ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အခြေခံမူ ချမှတ်ပေးခဲ့ပါတယ်။ အဲဒီလို ချမှတ်ပေးခဲ့တဲ့ "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း"အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ

အမျိုးသားညီလာခံ ကိုယ်စားလှယ် သတ္တုတွင်း ဝန်ကြီးဌာနမှ ဦးစိန်လွင် နိုင်ငံ့ ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။
(သတင်းစဉ်)

ဥပဒေတို့ကို လေ့လာပြီး ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်း ဆွေးနွေးပြောကြားသွားခဲ့တာ ကျွန်တော်တို့အားလုံးကြားသိခဲ့ကြပြီးဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ ယင်းနိုင်ငံရှိ ဥပဒေအားလုံး၏ ပင်မကျောရိုးမဏ္ဍိုင်ဖြစ်သကဲ့သို့ ယင်းနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်ပေါ်လွင်စေမယ့် နိုင်ငံ့ကြေးမုံပြင်လည်းဖြစ်ပါတယ်။ ဒါ့အပြင် အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေများနဲ့ အစဉ်အမြဲ လိုက်လျောညီထွေရှိမှသာ ကမ္ဘာ့အလယ်မှာထည်ထည်ဝါဝါရပ်တည်နိုင်မှာဖြစ်လို့ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေအချိန်အခါအလျောက် ပြင်ဆင်ဖို့လိုအပ်လာရင် ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းဆွေးနွေးချက်များဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် အမှန်တကယ် ပါဝင်သင့်တဲ့ အချက်များဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များအနက် "ဖွဲ့စည်းပုံအခြေခံဥပဒေတွေထဲမှာပြင်ဆင်ရမယ့်ပြဋ္ဌာန်းချက်တွေကိုသက်ဆိုင်ရာ အခန်း၊ ပုဒ်မတွေနဲ့ခွဲခြားပြီး ဖော်ပြထားကြောင်း၊ ယခုအဆင့်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲနိုင်ဖို့အတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်နေတာဖြစ်လို့အခန်းအလိုက်၊ ပုဒ်မအလိုက်ဖော်ပြရန် အခြေအနေ မရှိသေးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါကျမှ ပြင်ဆင်ရာတွင် လိုက်နာရမယ့် နည်းလမ်း၊ အခန်းနဲ့ပုဒ်မများကို အသေးစိတ် ဖော်ပြပြီး ပြဋ္ဌာန်းမှသာ ရှင်းလင်းလွယ်ကူမှာဖြစ်ကြောင်း"စသည်ဖြင့် သုံးသပ်ဆွေးနွေးပြောကြားချက်များဟာလည်း ဓမ္မဓိဋ္ဌာန်ကျပြီး လျော်ကန် သင့်မြတ်တဲ့ ဆွေးနွေးချက်များဖြစ်ပါကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို လေ့လာရာတွင်နိုင်ငံတစ်ခုအတွက် အခြေခံကျပြီး အရေးကြီးတဲ့ အခြေခံဥပဒေတစ်ရပ်ကို အခြေအနေအချိန်အခါအရ ပြင်ဆင်သင့်၍ ပြင်ဆင်ခွင့်ပြုရာမှာ သာမန်အခန်းများနှင့်ပတ်သက်လို့ အလွယ်တကူ ပြင်ဆင်ခွင့်ပြုသော်လည်း အဓိကကျတဲ့အခန်းများကိုမူ အလွယ်တကူပြင်ဆင်ခွင့်မပြုဘဲ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က လက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရန်ဖြစ်ကြောင်း ဖော်ပြချက်များမှာ အမျိုးသားညီလာခံ၏ဦးတည်ချက် (၆)ရပ်နဲ့လည်း လိုက်လျောညီထွေရှိကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြချက်အပိုဒ် ၁ မှ ၄ အထိ အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ဆက်လက်ပြီး ရှင်းလင်းတင်ပြရမယ့် အကြောင်းအရာကတော့ "နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း" ဖြစ်ပါတယ်။

နိုင်ငံတော်အလံကို သတ်မှတ်ရာမှာ တချို့နိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းဖော်ပြထားကြသလို တချို့နိုင်ငံကတော့ ဥပဒေပြုလွှတ်တော်များမှာ သီးခြားဥပဒေပြဋ္ဌာန်းထားကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်အလံကို မည်သို့သတ်မှတ်ရမယ်ကိုသာ ပြဋ္ဌာန်းထားပြီး နိုင်ငံတော်အလံနဲ့စပ်လျဉ်းလို့ လိုက်နာရမယ့်၊ ရှောင်ကြဉ်ရမယ့် အချက်တွေနဲ့ အဲဒီလို ရှောင်ရန်၊ လိုက်နာရန်တွေကို ပျက်ကွက်ခဲ့ရင် ချမှတ်ခံရမယ့် ပြစ်ဒဏ်များကို ဥပဒေပြုလွှတ်တော်များက သီးခြား ဥပဒေတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

နိုင်ငံတော်အလံများရဲ့ အရောင်တွေကို သတ်မှတ်ကြရာမှာ မိမိတို့နိုင်ငံ လူ့အဖွဲ့အစည်းရဲ့ စိတ်နေစိတ်ထားနဲ့ လိုက်ဖက်ညီထွေမယ့်အရောင်များကို အများအားဖြင့် သတ်မှတ်ကြပါတယ်။ သင်္ကေတ အမှတ်အသားများနဲ့ ပတ်သက်လို့ မိမိတို့တိုင်းပြည်ရဲ့ အဓိကကျတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို အခြေခံပြီး သတ်မှတ်လေ့ရှိကြတာကို လေ့လာတွေ့ရှိရပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ရပ်လုံးမှာ အသုံးပြုထားတဲ့ အရောင်များကတော့ အနီရောင်၊ အဖြူရောင်နဲ့ အပြာရောင်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အနီရောင်မှာ ရဲရင့်ပြတ်သားခြင်း၊ အဖြူရောင်မှာ သန့်ရှင်းစင်ကြယ်ခြင်းနဲ့ အပြာရောင်ကတော့ ငြိမ်းချမ်းသာယာခြင်း၊ တည်ကြည်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဆောင်တာကို လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွင်းမှာ ရှိကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ချစ်ခင်စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လျက်ရှိကြပါတယ်။ အဲဒီလို ပြည်ထောင်စုသားအားလုံး စည်းလုံးချစ်ခင်စွာ နေထိုင်ကြတဲ့ ပြည်ထောင်စု နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီးကို နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်သည်သာမက ငြိမ်းချမ်းသာယာပြီး စိုပြည်အေးချမ်းတဲ့နိုင်ငံ ဖြစ်တာကိုလည်း ဖော်ညွှန်းတဲ့ အစိမ်းရောင်ကို နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုတိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာ စည်းစည်းလုံးလုံး ရှိသည်လို့ အဓိပ္ပာယ်ကိုဆောင်တဲ့ အဝါရောင်ကို ဖော်ပြသင့်တဲ့အပြင် ရဲရင့်ပြတ်သားခြင်း ဟူသော အဓိပ္ပာယ်ကို ဆောင်တဲ့ အနီရောင်ကိုလည်း ဖော်ပြသင့်ပါတယ်။

အဲဒီလို အရောင်သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာ ဖော်ပြသင့်ပြီး ထိပ်ဆုံး အစိမ်းရောင်၏ လက်ဝဲဘက်တွင် ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် ဖော်ပြသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး–

> **"၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်–**
> **နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာ ဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**
> **၂။ နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်နဲ့စပ်လျဉ်းပြီး သတ်မှတ်ကြပုံကို လေ့လာတဲ့အခါ တချို့နိုင်ငံများမှာ ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်နဲ့ ဆိုင်တဲ့ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါ သက်ဆိုင်ရာ နိုင်ငံရဲ့ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ လူမျိုးရဲ့ ထုံးတမ်းစဉ်လာများကို ထင်ဟပ်တဲ့ အထိမ်းအမှတ်တံဆိပ် ဖြစ်စေရမယ် စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ချက်များ ထည့်သွင်းပြဋ္ဌာန်းကြတာကို တွေ့ရပါတယ်။ နိုင်ငံ တချို့ကတော့ ဥပဒေပြုလွှတ်တော်က နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို ပြဋ္ဌာန်းပြီးနောက် ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုရမယ်လို့ သတ်မှတ်တာကိုလည်း တွေ့ရပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများ ချမှတ်ရာမှာ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်"ဆိုတဲ့အခြေခံရမယ့်မူနဲ့ "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်"ဆိုတဲ့ အခြေခံရမယ့်မူများ ပါရှိပါတယ်။ ဒါကြောင့်နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာပြည်ထောင်စုမြန်မာနိုင်ငံရဲ့မြေပုံကို ထည့်သွင်းထားရှိသင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်လို့ အမျိုးသားညီလာခံက အခြေခံမူချမှတ်ထားတာနဲ့အညီ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"ဆိုတဲ့စာသားကို ထည့်သွင်းသင့်ပါတယ်။

ကိုလိုနီနယ်ချဲ့နဲ့ဖက်ဆစ်တို့ကို ပြည်သူ့အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကိုလည်း တော်လှန်ရေးအမှတ်အသားအဖြစ် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်များမှာ အစဉ်အလာအသုံးပြုခဲ့တဲ့ မြန်မာမှုလက်ရာကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာကနုတ်ပန်းဖြင့် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ကို ခြယ်မှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပုံကို ဖော်ပြပြီး–

"နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်သည် အောက်ဖော်ပြပါအတိုင်းဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်သီချင်းနဲ့စပ်လျဉ်းပြီး ဆက်လက် တင်ပြရမယ်ဆိုရင်–

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်သီချင်းကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးရမည်ဖြစ်ပြီး နိုင်ငံတော်သီချင်းအသစ်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုနိုင်မီ လက်ရှိ နိုင်ငံတော်သီချင်းကိုသာ ဆက်လက် အသုံးပြုရမယ်လို့ ပါရှိပါတယ်။ နိုင်ငံတော်သီချင်းအသစ်များကို ထပ်မံစပ်ဆိုဖော်ထုတ်ခဲ့သော်လည်း လက်ရှိနိုင်ငံတော်သီချင်းကိုသာ ပြည်သူအများစု နှစ်ခြိုက်လက်ခံသဘောကျတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် နောင်ပေါ်ပေါက်လာမယ့် ပြည်သူ့လွှတ်တော်က နိုင်ငံတော်သီချင်းကို သတ်မှတ်ပြဋ္ဌာန်းဖို့နဲ့ ပြဋ္ဌာန်းခြင်း မပြုနိုင်မီ လက်ရှိ နိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်သီချင်းသတ်မှတ်ပြဋ္ဌာန်းမှုနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ကြောင်း သီချင်းအမည်ကိုဖော်ပြ ပြဋ္ဌာန်းတာကို နိုင်ငံအများစုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ တွေ့ရှိရပါတယ်။ နိုင်ငံတချို့ကတော့ နိုင်ငံတော်သီချင်းကို လွှတ်တော်က ဥပဒေနဲ့ သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းတာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ နိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ်တစ်ဝက်ကျော်ပြီ ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့ အခြေခံရမယ့်မူတစ်ရပ် ပါရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ ဖော်ပြထားတဲ့ နိုင်ငံတော်၏ ဦးတည်ချက်များမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ ပါရှိပါတယ်။ ဒါ့အပြင် "နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်"ဆိုတဲ့ အခြေခံရမယ့်မူနဲ့ "နိုင်ငံတော်တွင် ပါဝင်မည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"ဆိုတဲ့ အခြေခံရမယ့်မူများ ပါဝင်ပါတယ်။ **စာမျက်နှာ ၁၀ ကော်လံ ၁သို့** ▲

အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားတဲ့ အပိုဒ် ၁ မှ အပိုဒ် ၂၆ ထိကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

သို့ပါ၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့်အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ရှင်းလင်းခဲ့သော အသေးစိတ်အခြေခံရမည့်မူများသည် ယင်းအခန်းများအတွက် အသေးစိတ် အခြေခံ ရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၅)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကများ ဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်သက်ဌေး၊ ဒေါ်မာမာဝေနှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဦးတင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ပြပွဲပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်များ၊ သစ်သီးဝလံပန်းမန် ဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးလှအေးက(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၅)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယက ဒေါ်ခင်သန်းနွဲ့က ပန်းအလှပြင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများကို လည်းကောင်း၊ ဦးဆောင်နာယက ဒေါ်ခင်သက်ဌေးက သစ်သီးဝလံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူ များကိုလည်းကောင်း၊ ဦးဆောင်နာယက ဒေါ်မာမာဝေက ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း၊ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အသီးအပါအဝင် (ရာသီ)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများကိုလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၏ဇနီး ဒေါ်ခင်ညွန့်မြိုင်က ပြည်တွင်းသစ်ခွ(သဇင်) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူ များကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ပြည်ပသစ်ခွ (ကတ်တလီယာ) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို လည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက တံခွန်စိုက်ဆု ရရှိသည့် ဦးထွန်းဝင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းဦးဆောင်နာယကများ၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင် သစ်သီးဝလံ ပန်းမန်များ ခင်းကျင်းပြသထားရှိမှုများနှင့် ဖွင့်လှစ်ပြသ ရောင်းချနေသည့် ဆိုင်ခန်းပေါင်း ၄၆၀တို့၌ သစ်သီးဝလံ ပန်းမန်များ ရောင်းချနေမှုများကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၅)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကများ ဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်သက်ဌေး၊ ဒေါ်မာမာဝေနှင့် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့ သစ်သီးဝလံ ပန်းမန်များ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြစဉ်။ (မြို့တော်စည်ပင်)

အောင်ဆန်းမြို့ မိုးကုတ်ရိပ်သာ ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် ဇန်နဝါရီ ၁

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်၌ (၁၇)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ယင်းညတွင် (၁၀၈)ကြိမ်မြောက် ၁၀ရက်တရားစခန်းပွဲ စတင်ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက တရားတော်ကို ဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)

▲ စာမျက်နှာ ၉ မှ

လက်ရှိ နိုင်ငံတော်သီချင်းမှာ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စု အမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးတို့ဟာ မိမိတို့ရဲ့ တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းချက်များ ပါရှိတာဖြစ်လို့ နိုင်ငံတော်သီချင်းဟာ အမျိုးသားညီလာခံက ချမှတ်ထားခဲ့တဲ့ အခြေခံရမယ့်မူများနဲ့ ညီညွတ်ကြောင်း တွေ့ရှိရပါတယ်။

လက်ရှိနိုင်ငံတော်သီချင်းရဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရင် ကိုလိုနီခေတ်လက်အောက် ကျရောက်စဉ်က ကိုလိုနီတို့ရဲ့ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ဇာတိသွေး၊ ဇာတိမာန်တွေ နိမ့်ကျလာခဲ့ရပါတယ်။ အဲဒီလို နိမ့်ကျနေတဲ့ ဇာတိသွေး၊ ဇာတိမာန်တွေ နိုးကြားတက်ကြွလာဖို့ အမျိုးသားစာရေးဆရာကြီး ဝိုင်အမ်ဘီအေ ဆရာတင်က "တကောင်း၊အဘိရာဇာ"အစချီတဲ့ "ဒို့ဗမာ"သီချင်းကို စပ်ဆိုခဲ့ပါတယ်။ အဲဒီ "ဒို့ဗမာ"သီချင်းကို သီဆိုကြွေးကြော်ရင်း ဇာတိသွေး၊ ဇာတိမာန်တွေ မြင့်မားလာပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပါတယ်။ အဲဒီ "ဒို့ဗမာ"သီချင်းရဲ့ အဆုံးပိုဒ်မှာပါတဲ့ "ကမ္ဘာမကြေ"ဆိုတဲ့ အပိုဒ်ကို နိုင်ငံတော်သီချင်းမှာ ၁၉၄၈ခုနှစ်ကပင် ထည့်သွင်းစပ်ဆိုခဲ့ခြင်းဖြစ်ပါတယ်။

"ကမ္ဘာမကြေ" ဆိုတဲ့ အဓိပ္ပာယ်ကတော့ ကမ္ဘာကြီးမကြေပျက်သရွေ့ ကမ္ဘာတည်သရွေ့ မြန်မာပြည်သည်လည်း အမြဲတည်ရှိနေရမယ်၊ ကမ္ဘာဆုံးတိုင် မြန်မာနိုင်ငံကြီး တည်ရှိနေဖို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမယ်လို့ အဓိပ္ပာယ်ပေါ်စေဖို့အတွက် "ကမ္ဘာမကြေ၊ မြန်မာပြည်"အစချီတဲ့ နိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဘိုးဘွားများ လက်ထက်မှစပြီး ယနေ့သားသမီး၊ မြေးမြစ်တိုင်အောင် "ကမ္ဘာမကြေ၊ မြန်မာပြည်" ဆိုတဲ့စာသားဟာ ရင်ထဲမှာ စွဲမြဲပြီး ပယ်ဖျက်လို့မရအောင် ရှိနေတဲ့အတွက် လက်ရှိ နိုင်ငံတော်သီချင်းကိုပင် ဆက်လက် အသုံးပြုသင့်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့်–

" နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့ မြို့တော်သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။

နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟို(Central Core Cities) မှာ တည်ရှိကြတာ တွေ့ရပါတယ်။ ဒါ့အပြင် ဗဟိုအစိုးရ၏ ရုံးစိုက်ရာမြို့ကိုလည်း နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြတာ လေ့လာတွေ့ရှိရပါတယ်။ သွားလာရေးအဆင်ပြေပြီး နိုင်ငံတော်၏ အချက်အချာကျမယ့် နေရာဒေသကို ရွေးချယ်သတ်မှတ်ကြပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက်လည်းကောင်း၊ ပြည်နယ်၊ တိုင်းအသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်လည်းကောင်း စတဲ့ ရည်ရွယ်ချက်ကောင်းများဖြင့် နေပြည်တော်ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ရခြင်းဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နေပြည်တော်ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ရတဲ့ ခိုင်လုံတဲ့ အခြားအကြောင်းအချက်များစွာ ရှိတာကိုလည်း တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ နေပြည်တော်ဟာ မိုးရေမများ၊ မရှားလွန်းခြင်း၊ အကြေမကျ၊ အညာမကျ မြေလတ်ဖြစ်ခြင်း၊ မြန်မာနိုင်ငံရဲ့အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်ဒေသအားလုံးနှင့် ဆက်သွယ်သွားလာရာတွင် အဆင်ပြေချောမွေ့ခြင်းကြောင့် နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်ခြင်းသည် လွန်စွာသင့်မြတ်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အထင်ကရပါရှိခဲ့တဲ့ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပျဉ်းမနားမြို့မှာ တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းကြောင့်လည်းဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရရဲ့ ဗဟိုရုံးများဟာ နေပြည်တော်မှာ ရုံးစိုက်ပြီး နိုင်ငံတော်ရဲ့ လုပ်ငန်းတာဝန် အဝဝကို ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါတယ်။

ဒါကြောင့်–

"နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်ပါကြောင်း လေးလေးနက်နက် အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်းတဲ့ အကြံပြုချက်ကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါ မပြဋ္ဌာန်းမီကာလက တည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့ အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာတဲ့ အခြေအနေတွေဟာ မတူညီနိုင်ကြောင်း၊ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ကူးပြောင်းရတာဖြစ်တဲ့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတဲ့ အဓိကမဏ္ဍိုင်ကြီးများနှင့်အတူ စီးပွားရေး၊ လူမှုရေးအဆောက်အုံများဟာလည်း ပြောင်းလဲသွားမှာဖြစ်ကြောင်း၊ ဒါကြောင့် ဒီကာလမှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ စဉ်ဆက်မပြတ်တည်ရှိနေစေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်တာဝန်ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ်တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းဖို့လိုကြောင်း အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အလေးထား ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဒီရှင်းလင်းပြောကြားချက်များနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံကြီးအချို့ရဲ့ အသွင်ပြောင်းလဲမှု သင်ခန်းစာများအရ နိုင်ငံတော်ကို အသွင်တစ်ရပ်မှ အခြားအသွင်တစ်ရပ်သို့ ကူးပြောင်းတဲ့အခါမှာ စနစ်တကျ ညင်သာစွာ ချောချောမွေ့မွေ့ကူးပြောင်းနိုင်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲတဲ့အခါမှာ အသွင်ကူးပြောင်းရေးကာလအတွက် ပြဋ္ဌာန်းချက်များထည့်သွင်းရေးဆွဲရန် မလွဲမသွေလိုအပ်တဲ့အပြင် ဒီပြဋ္ဌာန်းချက်များကိုလည်း သတိကြီးကြီးနဲ့ စနစ်တကျပြည့်ပြည့်စုံစုံတိတိကျကျ ရေးဆွဲပြဋ္ဌာန်းဖို့လိုမှာဖြစ်ကြောင်း ရှေးဦးစွာ အလေးအနက် တင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်မှာပါဝင်တဲ့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအနေဖြင့် အောက်ပါအတိုင်း(၈)ချက်ရှိတာကို တွေ့ရှိရပါတယ်–

(၁) **ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၊**

(၂) **ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးသည့်အချိန်နှင့် လွှတ်တော်များ ပေါ်ပေါက်သည့်အချိန် ကြားကာလအတွင်း နိုင်ငံတော်အချုပ်အခြာအာဏာဆက်ခံကျင့်သုံးမှု၊**

(၃) **ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ကာလတွင် ဖွဲ့စည်းသည့် အခြေခံဥပဒေကိုအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များ၊**

(၄) **နိုင်ငံတော်၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံခြင်း၊**

(၅) **တည်ဆဲဥပဒေများ၊**

(၆) **တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊**

(၇) **တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်းများ ရပ်တန့်မသွားစေရေး၊**

(၈) **တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်သော နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခွင်တည်မြဲမှု၊**

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်မယ့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့်ပတ်သက်ပြီး အထက်ဖော်ပြပါ အချက်(၈)ချက်နှင့်ပတ်သက်လို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ တည်ရှိခဲ့၊ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ယင်း အခြေခံဥပဒေအရပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေ၊ နည်းဥပဒေတွေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ယင်းဥပဒေအရပြဋ္ဌာန်းခဲ့တဲ့ ဥပဒေနှင့်နည်းဥပဒေတွေ၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာသုံးသပ်ပြီး ကြောင်းကျိုးဆီလျော်ပြည့်စုံစွာ တင်ပြသွားခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် အထက်ဖော်ပြပါ အချက်(၈)ချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားချက်များပါ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၈)ချက်အား အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်မှာပါရှိတဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းနဲ့ ပတ်သက်တဲ့ အကြံပြုချက်ကို အမျိုးသားညီလာခံ ကိုယ်စားလှယ် ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းက ဆက်လက်ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ **(ဆက်လက်ဖော်ပြပါမည်။)**

(သတင်းစဉ်)

သမိုင်းဝင်ဆံတော်ရှင် ဓနုတ်ဆုတောင်းပြည့်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ရေး အလှူတော်ငွေ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော် ဓမ္မရက္ခိတဓမ္မာရုံ၌ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သမိုင်းဝင် ဆံတော်ရှင် ဓနုတ်ဆုတောင်းပြည့်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဓနုတ်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ဓနုတ်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓနုတ်စေတီတော် ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုက လှူဒါန်းသည့် အလှူငွေကျပ် ၁၇၅သိန်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စေတီတော်ပြုပြင်တည်ဆောက်ရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာရေးဝန်ကြီးဌာနတို့က လှူဒါန်းသည့် ငွေကျပ်၁၀သိန်းစီကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က လည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဒေါ်ခင်ညွန့်မြိုင် မိသားစုက ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်သိန်း ၅၀၊ ဦးအောင်သန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)- ဒေါ်အေးမြင့်တို့က ငွေကျပ် ၂၅သိန်း၊ ဦးတင်စိန်-ဒေါ်ကျင်သိန်းနှင့် သားသမီးမြေးတစ်စုက ငွေကျပ် ၁၅သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ မိခင်ကြီး ဒေါ်ခင်နွဲ့ရီအားအမှူးထား၍ သား ဦးတင်စိုးလင်း-ဒေါ်ပွင့်မာခိုင်(ရွှေပုစွန်မိသားစု)နှင့် ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်းနှင့် အဝေးပြေး)တို့က ငွေကျပ် ၁၀သိန်းစီ၊ ပြည်ခိုင်ဖြိုးမော်တော်ယာဉ်လိုင်း (ရန်ကုန်တောင်ပိုင်းခရိုင်)က ငွေကျပ် ကိုးသိန်း၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ)တို့က ငွေကျပ် ခုနစ်သိန်းနှစ်ထောင်၊ မြန်မာ့စက်မှုဆိပ်ကမ်း (အလုံမြို့နယ်)က ငွေကျပ် ခုနစ်သိန်း၊ ဘဒ္ဒန္တ ဥဇယျဓမ္မ (ကျုံးကြီးပရိယတ္တိစာသင်တိုက် တံတားမြို့)က ငွေကျပ် ခြောက်သိန်း၊ ဦးသိန်းမောင်-ဒေါ်ပါပါ (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ငါးသိန်း ငါးထောင်၊ ဦးဇော်ဇော်နိုင် မိသားစုက ငွေကျပ် ငါးသိန်း သုံးသောင်း တစ်ထောင်၊ မြစ်တွင်းသွားတွဲဆွဲရေယာဉ်များအသင်း၊ ဦးကြူးခင် မိသားစု၊ ဒေါက်တာဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဦး မိသားစု၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၊ တောင်ဥက္ကလာပ စက်မှုဇုန်မိသားစု၊ ဦးစန်းမောင်၊ ဒေါ်လှလှ(အဏ္ဏဝါဆားလုပ်ငန်း)နှင့် ဦးရဲမြင့်-ဒေါ်မေသင် မိသားစု၊ ဦးကျော်ဝင်း-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ဆွေဦး(ရွှေသရဖူဆောက်လုပ်ရေး)၊ ရွှေပုစွန်မုန့်တိုက်၊ ဦးအေးလွင် (ဥက္ကဋ္ဌ၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်)၊ ဒေါ်မြင့်မြင့်အေး (ပြုံးပန်းတစ်ရာအထည်ချုပ် စက်ရုံ)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်၊ ဝင်းအင်ဆန်းကုမ္ပဏီလီမိတက် (Gold Roast ကော်ဖီမစ်)၊ ဦးရှောင်စန်း၊ ဦးအောင်ကျော်လွင် (Yangon Crown Wire Co.,)၊ ဦးကျော်တင့် (ဥက္ကဋ္ဌ သာကေတစက်မှုဇုန်)၊ ဦးနေဝင်းရွှေ (သစ်အချောထည်လုပ်ငန်း)၊ ဒေါက်တာဇော်ထွန်း၊ ဗိုလ်တထောင်မြို့နယ်မှ အလှူရှင်များ၊ ဦးသောင်းထိုက်မင်း (General Manager Olympic Hotel)၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ဆယ် မိသားစု၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသာယာရေးအဖွဲ့၊ ဦးမောင်ဇော်နှင့်ညီများ (သားရေလုပ်ငန်း)၊ ဘုရင့်နောင်ပွဲရုံသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဦးမောင်စံ (ဥက္ကဋ္ဌ၊ ရန်ကုန်အနောက်ပိုင်း ခရိုင်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTB ကုမ္ပဏီ)၊ ဦးမြဦး (ဥက္ကဋ္ဌ၊ ဆိပ်ကမ်းမြို့နယ် ကဏန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးကော်မတီ)၊ ဦးခင်မောင်ဦး (ဘဲလေးစားတော်ဆက်)၊ ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့် (အောင်အောင်အင်တာပရိုက်)၊ ဦးမြင့်သိန်း (ပန်းရိုးမဖိနပ်လုပ်ငန်း)၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေး)၊ ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း (တော်ဝင်မိသားစု ကုမ္ပဏီ)၊ သီရိသုဓမ္မသီင်္ဂီ ဒေါ်အေးမြတ်နွယ်၊ ဒေါ်အေးအေးခန့် မိသားစု၊ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင်မိသားစု၊ ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ ဦးဒါးစားမိသားစု၊ ဦးစောသန်းဝင်းနှင့်အဖွဲ့၊ ဦးလှဝင်းနှင့်အဖွဲ့၊ ဦးဖဲမိသားစု၊ ဦးကျော်ရီမိသားစု၊ ဦးသာဉာဏ်နှင့်အဖွဲ့၊ ဦးမြင့်ဝင်းနှင့်အဖွဲ့၊ ဦးဝင်း မိသားစု၊ ဦးထွန်းဝေနှင့် အဖွဲ့၊ ဦးတင့်ဆွေမိသားစု၊ ဦးစံထွန်းမိသားစု၊ ဦးမောင်မောင်ကြီး မိသားစု၊ ဦးခင်မောင်အေးမိသားစု၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒေါ်တင်ရီမိသားစု၊ ရွှေနဒီကားပစ္စည်း ရောင်းဝယ်ရေးနှင့် ထွန်းတောက်လင်းဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးသန်းဦးနှင့် ဆီလုပ်ငန်းရှင်များ၊ ဦးကျော်ကိုဆန်းနှင့် ဒေါ်ဟန်ရင်ရင်မိသားစု၊ ဦးအေးကို၊ ဦးနိုင်လင်း၊ ဦးအေးရွှေ၊ ဦးဌေးလွင်၊ ဦးခင်မောင်လွင်၊ ဦးအေးခိုင်နှင့် ဦးမြင့်ခိုင်၊ ဦးကျော်မြင့်မိသားစု၊ ဦးခင်မောင်ရင်၊ ဦးကျော်ဆန်းဦး၊ ဦးစိုးလွင်၊ လှိုင်သာယာစက်မှုဇုန် မြို့ပြစီမံခန့်ခွဲရေးကော်မတီနှင့် အပိုင်း(၅)စီမံခန့်ခွဲရေးကော်မတီ၊ ဦးကြည်စိန်၊ ဦးလှတင်၊ ဦးထွန်းရီ၊ မစ္စတာဝမ် (ခိုင်မွန်သံရည်ကျိုစက်ရုံ)၊ ဦးရန်ဟော် (AMC ဆောက်လုပ်ရေး)၊ ဦးချစ်မွေး (သပြေညိုအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးခိုင်မျိုးဝင်းမိသားစု (မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးဟွန်းမှူးနှင့် ဇနီး၊ ဇင်ထက်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ဦးခင်စိုး (အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်)၊ ဦးဌေးမြင့်အောင် မိသားစု၊ ဒေါက်တာအောင်သိန်း (Nibban Electric and Electronic Co., Ltd)၊ ဦးမောင်ဝိတ် (မောင်ဝိတ်ကုမ္ပဏီ)၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ ရွှေနဂါးမင်းကုမ္ပဏီ) ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၊ သီရိသုဓမ္မသီင်္ဂီ ဒေါ်အေးမြင့်၊ ဦးဝေမင်း-ဒေါ်စန်းစန်းရီ(Power Light)၊ ဦးအိုက်လင်း (နန်းထိုက်တော်ဝင်)၊ ဦးဘသန်း-ဒေါ်နွဲ့ခင်မာဝင်း၊ မြန်မာပိုင်နှင့် အရက်ချက်စက်ရုံ၊ မဏိဇောတဓရ ဦးဇေယျာသူရမွန် (Managing Director, Gunkull International Co, Ltd)နှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးတို့က ငွေကျပ် ငါးသိန်းစီအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေစုစုပေါင်းငွေကျပ် ၈၁၈၅၂၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒလမြို့နယ် သမိုင်းဝင် ဆံတော်ရှင် ဓနုတ်ဆုတောင်းပြည့်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက လှူဒါန်းသည့် အလှူငွေကျပ် ၁၇၅ သိန်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✱ ကာကွယ်ရေးဝန်ကြီးဌာနမှ

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော တိပိဋကဓရရွေးချယ်ရေး အဖွဲ့ဝင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက အဖွဲ့ဝင်ဆရာတော်ကြီးများအား သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် စာထောက်၊ စာမဆရာတော်ကြီးများနှင့် ပိဋက အာဂုံပြန်ဆိုပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူကြသော သံဃာတော် အရှင်သူမြတ်များအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာသွားသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၄ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၅ရက်အထိ ကျင်းပလျက်ရှိပြီး စာမေးပွဲသို့ အာဂုံပြန်သံဃာတော် ၁၅၄ပါးနှင့် သဘောရေးဖြေ သံဃာတော် ၁၂၂ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူနေကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဇန်နဝါရီဓမ္မခရီး

ရန်ကုန် ဇန်နဝါရီ ၁

သာကေတမြို့နယ်၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ သာသနာ့တက္ကသီလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် ဇန်နဝါရီ ၂ရက် (ဆည်းဆာ) တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ဓမ္မသဘင်၊ ည ၈နာရီ မြောက်ဥက္ကလာပ (ဈ)ဈေး ဈေးမိသားစု ဓမ္မသဘင်၊ ၃ရက် ကန်တော်ကလေး ၈၂လမ်း၊ ၄ရက် (ဆည်းဆာ) ဒေါပုံမြို့နယ် ယမုံနာ (၁)ရပ်ကွက်၊ ည ၈နာရီ သာကေတမြို့နယ် ဝက်စု သာသနဟိတဓမ္မာရုံ၊ ၅-၆ရက် မင်းလှမြို့ မဟာမြိုင်တောရကျောင်း၊ ၇-၈ရက် မိုးညိုမြို့ မဟာသုမင်္ဂလသီဟ ကြေးသွန်းဘုရား၊ ၉ရက် ရွှေပြည်သာမြို့ (ပ)ရပ်ကွက် ဓမ္မသဘင်၊ ၁၀-၁၁ရက် ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်၊ ၁၂ရက် မြောက်ဥက္ကလာပမြို့နယ် (ဌ)ရပ်ကွက် စပါယ် ၂လမ်း၊ ၁၃ရက် ဗိုလ်တထောင်မြို့နယ် ၄၆လမ်း သာသနာ့နုဂ္ဂဟ ဆွမ်းလောင်းအသင်း၊ ၁၄ရက် ကြည့်မြင်တိုင်မြို့နယ် စေတနာသမ္မာရဝတ်အသင်း၊ ၁၅ရက် သထုံမြို့ အလင်းစေတမာန်ဓမ္မသဘင်၊ ၁၆ရက်မှ ၂၀ရက် မော်လမြိုင်မြို့ ဓမ္မောဇ ဓမ္မသဘင်၊ ၂၁-၂၂ရက် ဘားအံမြို့ သေဠမာရ်အောင်ဘုရားဝင်း၊ ၂၃ရက်နှင့် ၂၄ရက် ကော့ကရိတ်မြို့၊ ၂၅ရက် ကျုံဒိုးမြို့၊ ၂၆ရက်မှ၂၈ရက် မြဝတီမြို့၊ ၂၉ရက် သာကေတ (၄)ရပ်ကွက် မြစေတီ စေတီတော်ဝင်းဓမ္မသဘင်၊ ၃၀ရက် ဗဟန်းမြို့နယ် ဆရာစံတောင် ရတနာလမ်းဓမ္မာသဘင်များ၌ ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပုပ္ပားစကားဝါမြေ ဆရာတော်၏ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယကစာချ သာသနာပြုနယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဇန်နဝါရီ ၄ရက်တွင် မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် ဝေဘာဂီလမ်းအနောက်၏ မိဘကျေးဇူးဆပ် ဓမ္မသဘင်၌လည်းကောင်း၊ ဇန်နဝါရီ ၁၁ရက်တွင် လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက် (၆/၇)မိသားစုတို့၏ ဓမ္မပူဇာသဘင်၌လည်းကောင်း၊ ဇန်နဝါရီ ၂၃ရက်နှင့် ၂၄ရက်တို့တွင် ကျုံပျော်မြို့နယ် ကျုံထနီးကျေးရွာ၏ ဗုဒ္ဓပူဇနိယပွဲတော်၌ လည်းကောင်း၊ ဇန်နဝါရီ ၂၆ရက်တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပုညဝမုနဆွမ်းလောင်းအသင်းတော်၏ ဆွမ်းအောင်ပွဲ၌လည်းကောင်း၊ ဇန်နဝါရီ ၂၇ရက်တွင် ရွှေပြည်သာမြို့နယ် (ဏ/၁၄)ရပ်ကွက် ပန်းခြံ(၂၅)နှင့် အပေါ်ပိုင်းပန်းခြံ မိသားစုတို့၏ (၈)ကြိမ်မြောက် ဓမ္မသဘင်၌ လည်းကောင်း၊ ဇန်နဝါရီ ၂၈ရက်မှ ၃၀ရက်အထိ မိုးညိုမြို့နယ် ထိန်တောမြို့ရှိ ဝေဠုဝန်ဘက်စုံ စာသင်တိုက်၏ ထေရဝါဒ အထူးတရားပွဲ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၇ (အင်္ဂါနေ့)

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၀၀ ၅။ ခံစားနားဆင် တေးဂီတဝင်
- ၅:၁၀ ၆။ **"အနိုင်အရှုံး" (ပီစီ၊ ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
- ၅:၁၅ ၇။ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၃၉)**
- ၆:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း-၄)**
- ၇:၄၅ ၁၄။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု (ကွန်ရက်အလား ဖြန့်ကြက်ထားကျေးလက်လမ်းနှင့် တံတားများ)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာရုပ်ရှင် "တိုက်ပွဲခေါ်သံ" (အပိုင်း-၂) (ညွှန့်ဝင်း၊သီဟတင်စိုး၊မင်းဦး၊ ဇော်လင်း၊ဇင်မာဦး၊ဆွေဇင်ထိုက်) (ဒါရိုက်တာ-မောင်တင်ဦး)**
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

❀ စစ်ကိုင်းတိုင်းအတွင်းမှ

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကချမှတ်ထားသော စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်ကို အောင်မြင်စေရေးအတွက် အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်နေခြင်းကြောင့် မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများကို နိုင်ငံတော်အစိုးရက တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဤလှိုင်းချောင်းရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း၌ ယခုဖွင့်လှစ်သည့် ရေလှောင်တမံတစ်ခု ထပ်မံပေါ်ပေါက်လာပြီဖြစ်၍ ရွှေကိုမလိုရေကိုလိုသည့် ဒေသအတွက် စိုက်ပျိုးရေးသာမက စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည့် အခြေခံကောင်းများ မွေးဖွားပေးသည့် နေ့တစ်နေ့အဖြစ် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာဂုဏ်ယူဖြစ်မိပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် လှိုင်းချောင်းရေလှောင်တမံသည် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်အတွင်း ပုလဲ-ဂန့်ဂေါ ကားလမ်းမှ ခုနစ်မိုင်ကွာဝေးသည့် နွယ်အင်းကျေးရွာအနီးရှိ လှိုင်းချောင်းပေါ်တွင် တည်ဆောက်ခဲ့သော မြေသားတမံ အမျိုးအစားဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း ချင်းတွင်းမြစ်ပေါ်တွင် စတင်တည်ဆောက်နေသည့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လယ်မြေဧက တစ်သန်း စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ အလားတူ မဏိပူရ၊ ရာဇဂြိုဟ်၊ သိန်ရင်၊ လင်ပန်းနှင့် ပုလဲမြို့နယ်၌ မြောက်ယမား ရေကူရေလှောင်တမံ စီမံကိန်းများကိုလည်း တည်ဆောက်လျက်ရှိကြောင်း။

လှိုင်းချောင်းရေလှောင်တမံသည် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူချိန် ၁၉၈၈ ခုနှစ်နောက်ပိုင်း အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ၁၉၃ ခုမြောက် ဆည်မြောင်းစီမံကိန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် လှိုင်းချောင်းရေလှောင်တမံသည် စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ပြီးသည့် ၂၂ ခုမြောက် ဆည်တမံတစ်ခုဖြစ်ပြီး အကျိုးပြုဧက ၃၇၄၄၄၄ ကျော်ခန့် ရှိနေပြီဖြစ်ကြောင်းနှင့် စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးရန် စိုက်ပျိုးမြေ ဧက ၁၀၀၀ကျော်ကို အကျိုးပြုမည့် ရေလှောင်တမံ တစ်ခုဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းသည် စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများပါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော တိုင်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်မှ စီးပွားရေးအရ အဓိကအားထားရသော တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည် ဟူသော ဆောင်ပုဒ်အပြင် နိုင်ငံတော်အတွက် အရန်ဆန်ပါ သိုလှောင်နိုင်သည့် တိုင်းတစ်တိုင်းဖြစ်ရန် ရည်ရွယ်၍ ယခုဖွင့်လှစ်သော လှိုင်းချောင်းရေလှောင်တမံနှင့် မကြာမီ တည်ဆောက်ပြီးစီးမည့် မြောက်ယမား ရေကူရေလှောင်တမံတို့ တည်ဆောက်ပေးခဲ့သည့်အတွက် ပုလဲဒေသတွင် စိုက်ပျိုးရေပိုမိုရရှိလာမည် ဖြစ်ခြင်းကြောင့် စပါးအပါအဝင် သီးနှံများ အောင်အောင်မြင်မြင် စိုက်ပျိုးလာနိုင်သဖြင့် ဒေသဝမ်းစာဖူလုံသည့်အဆင့် ရှိလာပြီး တောင်သူများ ဝင်ငွေတိုးပွား စည်ပင်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဒေသ၏ရေမြေသဘာဝနှင့်ကိုက်ညီသည့် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ ရေပေးတူးမြောင်းများကို နိုင်ငံနှင့်အဝန်း တည်ဆောက်ပေးနေခြင်း ဖြစ်သည့်အတွက် ပြည်သူတို့၏ စားဝတ်နေရေး၊ လူမှုရေးကဏ္ဍများကိုသာမက နိုင်ငံတော်၏ လိုအပ်သော လျှပ်စစ်စွမ်းအင်ကဏ္ဍကိုလည်း တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် လှိုင်းချောင်းရေလှောင်တမံ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ယနေ့ ပုလဲမြို့နယ် နွယ်အင်းကျေးရွာ ပတ်ဝန်းကျင်က တောင်သူကြီးများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန် လှိုင်းချောင်းရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း၊ လှိုင်းချောင်း ရေလှောင်တမံသည် ဒေသအတွင်းက တောင်သူများ စိုက်ပျိုးနေသော လယ်ဧက ၁၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေမည့်အပြင် ပူပြင်းခြောက်သွေ့သော ပတ်ဝန်းကျင်သဘာဝအနေအထားကို စိမ်းလန်းစိုပြည်လာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကိုယ်တိုင်ကြီးကြပ်လမ်းညွှန်မှုဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် အဘက်ဘက်က အားပေးကူညီမှုများပေးပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အခြေပြု အသက်မွေးနေကြသော ကျေးလက်နေ တောင်သူပြည်သူအများစု ဝင်ငွေများတိုးတက်လာရအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်လာရအောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းများအဖြစ် ဆည်တမံလုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ၊ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ စသည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများအပြင် လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းများ၊ သီးနှံအထွက်နှုန်း တိုးတက်ရေးစီမံကိန်းများ၊ သီးနှံအမယ်သစ်စိုက်ပျိုးရေးစီမံကိန်းများစသော စိုက်ပျိုးရေးဖွံ့ဖြိုးမှုစီမံကိန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ဆောင်ရွက်ပေးမှုများကြောင့် ယခုဖွင့်လှစ်သည့် လှိုင်းချောင်းရေလှောင်တမံသည်လည်း အလတ်စားရေလှောင်တမံတစ်ခုအဖြစ် ရပ်တည်တည်ရှိလာပြီဖြစ်ကြောင်း။

ယခု ရေလှောင်တမံသည် စိုက်ပျိုးရေအတွက် ပိုမိုအလှမ်းဝေးပြီး သောက်သုံးရေအတွက်ပင် အခက်အခဲများကြုံတွေ့ရသော ဤဒေသကဲ့သို့ မိုးနည်းရေရှားအညာဒေသအဖို့ အဖိုးထိုက်တန်သည့် နိုင်ငံအကျိုးပြု လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးမှုကြောင့် ဤအရပ်ဒေသ၏ ရေမြေအခြေအနေသည် အပြောင်းအလဲကြီး ပြောင်းလဲလာပြီး ယာမြေများက လယ်မြေများအဖြစ် ပြောင်းလဲလာတော့မည်ဖြစ်ကြောင်း၊ ယခင်က သီးနှံတစ်သီးကို ခက်ခက်ခဲခဲ အောင်မြင်အောင် စိုက်နေကြရမှုကနေ သီးထပ်များ တိုးတက်စိုက်ပျိုးလာနိုင်ပြီး တောင်သူလယ်သမားများ ဝင်ငွေလည်း တိုးလာတော့မည်ဖြစ်ကြောင်း၊ လှိုင်းချောင်းရေလှောင်တမံတည်ရှိရာ ကျေးလက်ဒေသကပြည်သူများစိုက်ပျိုးရေ၊ သောက်သုံးရေရရှိပြီး ဒေသစိမ်းလန်းစိုပြည်မှုနှင့် လူမှုစီးပွားရေးဘဝများ တိုးတက်မှုကို ရရှိလာနိုင်တော့မည်ဖြစ်၍ နိုင်ငံတော်အတွက်လည်း ရင်းနှီးမြှုပ်နှံရကျိုးနပ်သည့် ရေရှည်ရလဒ်တစ်ခုဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ လှိုင်းချောင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(လယ်/ဆည်)

ယခုဖွင့်လှစ်သည့် လှိုင်းချောင်းရေလှောင်တမံသည် ပုလဲမြို့နယ်အတွင်း ပျော်ဘွယ်ကျင်းနှင့် အရိုးကုန်း ကျေးရွာအုပ်စုနှစ်ခုက လယ်မြေဧက ၁၀၀၀ကို အကျိုးပြုမည်ဖြစ်ကြောင်း၊ ဤဒေသ၌ ယခင်က မိုးစပါး၊ မိုးနှမ်းနှင့် ပဲစင်းငုံကို ပထမတစ်သီးအဖြစ် ဧက ၁၀၀၀စိုက်ပျိုးကြပြီး ဒုတိယတစ်သီးအဖြစ် ကုလားပဲ ဧက ၆၀၀ ကျော် စိုက်ပျိုးမှုရှိပါကြောင်း၊ သီးနှံစိုက်ပျိုးစွမ်းအားအနေဖြင့် ရာခိုင်နှုန်း ၁၆၀ ရှိကြောင်း၊ ယခုရေလှောင်တမံ ရေပေးဝေနိုင်မှုအရ ဝင်ငွေကောင်းသည့် သီးနှံများဖြင့် သီးနှံပုံစံပြောင်းပြီး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ ပထမတစ်သီးကို မိုးစပါးဧက ၁၀၀၀၊ ဒုတိယတစ်သီးအဖြစ် ကုလားပဲဧက ၁၀၀၀နှင့် တတိယတစ်သီး နွေစပါး ဧက ၅၀၀ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံ စိုက်ဧက ၂၅၀၀ အထိ ရရှိလာမည်ဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားအနေဖြင့် ရာခိုင်နှုန်း ၂၅၀ ထိ တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သီးနှံစိုက်ပျိုးမှု တိုးတက်လာခြင်းက တောင်သူလယ်သမားကြီးများ ဝင်ငွေတိုးတက်လာစေမည့်အပြင် လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများရရှိပြီး ပတ်ဝန်းကျင် ရေဝေရေလဲထိန်းသိမ်းမှုနှင့် ဒေသစိမ်းလန်းစိုပြည်စေတော့မည် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပုလဲမြို့နယ်မှ ဦးတင့်ဆွေက လှိုင်းချောင်း ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် လှိုင်းချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ်မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်၍ လှိုင်းချောင်းရေလှောင်တမံကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဧည့်သည်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရေလှောင်တမံတည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့်အတူ မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လှိုင်းချောင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဧည့်သည်များက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပင်မတမံရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေပိုလွှဲရေလှောင်တမံအနီးတွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့အား လှိုင်းချောင်းရေလှောင်တမံ တည်ဆောက်ခဲ့မှုအခြေအနေ၊ လုပ်ငန်းမှတ်တမ်းများနှင့် ပုလဲမြို့နယ်အတွင်းရှိ ရေလှောင်တမံများ၏ တည်ရှိမှုအကျိုးပြုမှုတို့ကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)ညွှန်ကြားရေးမှူး ဦးဇစ်တာက ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအား ဆည်ရေသောက်ဒေသတွင် ဒေသရေမြေနှင့် သင့်တော်သော သီးနှံပုံစံရေးဆွဲချမှတ်၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန် မှာကြားကြသည်။

လှိုင်းချောင်းရေလှောင်တမံသည် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် နွယ်အင်းကျေးရွာအနီးတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၁၅ စတုရန်းမိုင်ရှိသည့် လှိုင်းချောင်းပေါ်၌ တည်ဆောက်ထားသည်။ မြေသားတမံသည် အမြင့် ၇၃ပေ၊ အလျားပေ ၄၅၀၀၊ ကုန်းကျောတမံပေ ၇၅၀ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၃၇၀ဖြစ်သည်။ ရေထုတ်ပြွန်မှာ အလျားပေ ၁၈၀ ရှိပြီး နှစ်ပေ အချင်းသံကူကွန်ကရစ်ပိုက်တစ်လုံး တပ်ဆင်ထားသည်။ ရေပိုလွှဲသည် အလျား ၄၉၁ ပေ အကျယ်ပေ ၆၀ ရှိသည်။ တူးမြောင်းမကြီးသည် အလျား ငါးမိုင်၊ လက်တံမြောင်းများသည် အလျား ခုနစ်မိုင်ရှိသည်။ ဆည်ရေပေးနိုင်မည့် ဧရိယာဧက ၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo ၊ ယနေ့အစီအစဉ်	၁၀း၁၅	တေးဂီတအစီအစဉ်
၇း၀၅	အသိဉာဏ်ပေးစိတ်ငြိမ်းအေး (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဟောကြားတော်မူသော ယဉ်ကျေးရင် အမြင်အေးပါတယ်) (အပိုင်း-၁)	၁၀း၂၀	Basic Computer Learning For Beginner (Vol:7)
၇း၃၀	Yangon Panorama(Canon ကုန်ပစ္စည်းမိတ်ဆက်ပွဲ)	၁၀း၄၅	မိုးလေဝသခန့်မှန်းချက်
၇း၅၀	တေးဂီတအစီအစဉ်	၁၀း၅၀	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၇း၅၅	Sunday Talk	၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်	၁၁း၁၀	မြန်မာ-တရုတ် နှစ်နိုင်ငံ ပြည်သူပြည်သားများ မိတ်ဆုံပျော်ပွဲသဘင် အနှစ် (၅၀)မြောက်အထိမ်းအမှတ် အနုပညာပဒေသာကပွဲ (မန်စီမြို့)(ပထမပိုင်း)
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	ထူးမြတ်သာသနာ သဲအင်းဝိပဿနာ	၁၁း၃၅	တေးဂီတအစီအစဉ်
၉း၀၀	Music Gallery (Title Selection-1)	၁၁း၄၀	မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်းသိကောင်းစရာများ (ဒေါက်တာ သိန်းသိန်းမြင့်)
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၅၀	တေးဂီတအစီအစဉ်
၉း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး (ခြံစည်းရိုးကြက်ဆူပင်)	၁၁း၅၅	နိုင်ငံတကာအနုပညာရေးရာ
၉း၄၀	တေးဂီတအစီအစဉ်	၁၂း၂၅	တေးဂီတအစီအစဉ်
၉း၄၅	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ	၁၂း၃၀	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
		၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Arsenal-Charlton	5-Sports(Live)
၂း၂၄	Aston Villa-Chelsea	5-Series(Live)

အင်္ဂါနေ့တိုင်း ထွက်နေပါပြီ
● အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို
● အမေရိကန်ကိုမမုန်းတီးဖို့
ဆက်ဒမ်ဟူစိန် စာရေးသားခဲ့ ● ဆက်ဒမ်ဟူစိန်၏ တစ်ဘဝတာဖြစ်စဉ်
● ဘတ်ငွေမြင့်တက်မှု စက်မှုကဏ္ဍ ဝင်ငွေဘီလျံ ၁၀၀ ဆုံးရှုံး
● ဘာလင်ပွဲတော်မှာ ပြသမယ့် ကိုရီးယားအပျိုစင်ဇာတ်ကား
နိုင်ငံတကာ သတင်းဂျာနယ်
● အီရန်ကို ဒဏ်ခတ်ပိတ်ဆို့ရန် ကုလသမဂ္ဂဆုံးဖြတ်
● အပြစ်မရှိကြောင်းသက်သေထူရန် သက်ဆင် ပြန်လာမည်
● ဗြိတိန်- ပြင်သစ် ဆက်သွယ်ဥမင်လိုဏ်ခေါင်းကြီးကို တိုက်ခိုက်ဖွယ်ရှိ
● ဆိုနီယာဂန္ဓီကို အယ်လ်ကားဒါးကခြိမ်းခြောက်
● ဂျေကေရိုးလင်းက နောက်ဆုံး ဟယ်ရီပေါ်တာဝတ္ထု ကင်ပွန်းတပ်ပေး

Yangon Media Group
နှစ်ပတ်လည် ညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန် မီဒီယာဂရု(ပ်)၏ နှစ်ပတ်လည် ညစာစားပွဲကို ဇန်နဝါရီ ၁ရက် (ယနေ့)ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ Excel Treasure Tower၏ Crystal Jade Hall ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ ဝါရင့်သတင်းစာ ဆရာကြီးများ၊ ဂျာနယ်မဂ္ဂဇင်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်မီဒီယာဂရု(ပ်) အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်များ၊ ရန်ကုန်မီဒီယာဂရု(ပ်)၏ The Yangon Times ၊ The Flower News နှင့် Tech Digestတို့မှ တာဝန်ခံအယ်ဒီတာများနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မီဒီယာဂရု(ပ်)၏ အမှုဆောင်အရာရှိချုပ် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်တစ်ဦးဖြစ်သော မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မီဒီယာဂရု(ပ်) ဝန်ထမ်းများအား နှစ်ပတ်လည် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ စီမံခန့်ခွဲရေးဌာန ဝန်ထမ်းများအတွက် ဆုငွေများကို အမှုဆောင်ဒါရိုက်တာ ဒေါ်မြတ်မြတ်စိုးကလည်းကောင်း၊ Marketingဌာန ဝန်ထမ်းများအတွက် ဆုငွေများကို အမှုဆောင်ဒါရိုက်တာ ဦးဝဏ္ဏကလည်းကောင်း၊ သတင်းနှင့်ထုတ်လုပ်ရေးဌာန ဝန်ထမ်းများအတွက် ဆုငွေများကို အမှုဆောင် အရာရှိချုပ် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှုဆောင်အရာရှိချုပ် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ရန်ကုန်မီဒီယာဂရု(ပ်)၏ ၂၀၀၆ခုနှစ်အတွက် အကောင်းဆုံး ဝန်ထမ်းဆု၊ အကောင်းဆုံး သတင်းထောက်ဆုနှင့် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရန်ကုန် မီဒီယာဂရု(ပ်)မှ ထုတ်ဝေ ဖြန့်ချိလျက်ရှိသော ရန်ကုန်တိုင်းမ်ကို ဇန်နဝါရီ ၃ရက်မှ စတင်၍ စာမျက်နှာ(၃၆) မျက်နှာပါ စာရွက်ဆိုဒ်ကြီးဖြင့် အနှစ်သာရရှိရှိ နိုင်ငံတကာ အဆင့်မီ အသွင်ပြောင်း ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မီဒီယာဂရု(ပ်) အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဝန်ထမ်းတစ်ဦးအား နှစ်ပတ်လည် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mrs. Ruth Schatz၊ **မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်နှင့်** Original Group Co., Ltd. **ဒါရိုက်တာ ဒေါ်ကြည်ခင်တို့က ရုပ်ရှင်သရုပ်ဆောင်သျှားညို ၏** Found Happening Project **ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

ရုပ်ရှင်သရုပ်ဆောင်သျှားညို၏ အနုပညာလက်ရာများ ရန်ကုန်မြို့ အတွင်း လှည့်လည်ပြသ

ရန်ကုန် ဇန်နဝါရီ ၁

ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ Found Happening Project ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပန်းပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးသောင်းဟန်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် သျှားညိုက ပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Found Happening Project ကမ္ဗည်းမှတ်တမ်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် Found Happening Project ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mrs. Ruth Schatz ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် Original Group Co., Ltd ဒါရိုက်တာ ဒေါ်ကြည်ခင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရုပ်ရှင်သရုပ်ဆောင်သျှားညို၏ တစ်ကိုယ်တော် Project Pre-Show ပြပွဲတွင် ခင်းကျင်းပြသထားသော Stainless Steel ဖြင့် ပြုလုပ်ထားသည့် အနုပညာလက်ရာများကို တင်ဆောင်ထားသော မော်တော်ယာဉ်များသည် အမျိုးသား ပြတိုက်မှ စတင်ထွက်ခွာကြပြီး မဟာဗန္ဓုလလမ်း-ယမုံနာလမ်း-ရှုခင်းသာလမ်း-မြို့ပတ်လမ်း - သာကေတအဝိုင်း-တိုင်းရင်းသားကျေးရွာ-ဧရာဝဏ်လမ်း-သုဝဏ္ဏတံတား တို့ကို ဖြတ်ကျော်ကာ သံသုမာလမ်း-ရွှေဂုံတိုင်လမ်း-ဦးဝိစာရလမ်း-ဓမ္မစေတီလမ်း - ပြည်လမ်း တစ်လျှောက် လှည့်လည်ပြသကြကာ ထိုမှတစ်ဆင့် အမျိုးသားပြတိုက်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာအသင်းဆိုင်းဘုတ်တင်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၈ရက်ကကျင်းပရာ မြို့နယ် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြီးဦးကျော်မြင့်(စ-စဆေးတိုက်)၊ မြို့နယ်ဆေးခန်းမှူး ဆရာမ ဒေါ်နိုင်နိုင်လွင်နှင့် ဆရာဦးကိုကိုကြီးတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်/ပြန်ဆက်)

ကျေးဇူးဆပ်ပါမည်

၁/၁၄၉ မော်တော်ယာဉ်၏ ဝိုးတက် လက်ခံရရှိထားပါက ရေကြောင်းဦးစီး ဒေါ်ပုံသော်ကျင်းသို့ပေးပို့ပေးပါရန် အကြောင်းကြားအပ်ပါသည်။ **ဖုန်း-၅၅၆၀၉၀**

ဝိနယာဓိကပရိယတ္တိ သာသနာပြုစာမေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁

နာယက ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော (၅၂)ကြိမ်မြောက် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကပရိယတ္တိ သာသနာပြုစာမေးပွဲကြီးကို (၂၁) ရပ်ကွက်မှ စေတနာရှင်ပြည်သူများ၏ ပံ့ပိုးကူညီမှုဖြင့် ဖေဖော်ဝါရီ ၁၀ရက်(စနေနေ့)မှ စတင်၍ ခုနစ်ရက်တိုင်တိုင် အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်ကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

• ၂၀၀၆ ခုနှစ်ရဲ့ နိဂုံးနဲ့အတူ ဘဝနိဂုံးချုပ်သွားခဲ့ရတဲ့ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန် ဖြစ်ပျက်သတင်းစုံ
• ငလျင်ကြီး ရေအောက်ကေဘယ်ခုံထိခိုက်ပြီး၊ အာရှဆက်သွယ်ရေးပြတ်တောက်
• ရန်ကုန်-မန္တလေး(၁၀)နာရီနဲ့ရောက်မယ့်ကားလမ်း ပြီးစီးတော့မည်
• မြန်မာအလုပ်သမား (၅၇) ဦး ကာတာနိုင်ငံမှ ပြန်ပို့ခံရ
• ပျံကျကွမ်းယာဆိုင်များ ပပျောက်အောင် ဆောင်ရွက်နေ
• အကယ်ဒမီစန္ဒာ၏နောက်ဆုံးခရီးနှင့် သူ၏ဘဝမှတ်တမ်းပုံရိပ်လွှာ
• အာရှမှာနာမည်ကြီးနေတဲ့ Princess Hour မင်းသမီးလေးရဲ့အိပ်မက်
• စစ်မှုထမ်း (၂)နှစ်တာဝန်ပြီးဆုံးသွားတဲ့ ဆောင်ဆောင်ပွန်း (ဂျွန်စော) ပရိသတ်များ တစ်ခဲနက်ကြို······စသည်များနှင့်
NEWS WATCH WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
ထွက်ပြီ

ဘာဝယ်ချင်သလဲ- ဘာရောင်းချင်သလဲ
မြန်မာအခမဲ့ကြော်ငြာရှိတယ်လေ- -
၂၀၀၇ မြန်မာ့လွတ်လပ်ရေးနေ့မှစတင်၍ အပတ်စဉ် **ကြာသပတေးနေ့**တိုင်း ထွက်ပါတော့မည်။
Myanmar Free Ads မှာ အခမဲ့ကြော်ငြာနိုင်တဲ့ အခွင့်အလမ်းကို လက်မလွှတ်စေနဲ့နော်- -
ပြည်လုံးကျွတ်ဖြန့်ချိရေး- Logistics Media Services
logimedia@ myanmar. com.mm Tel 0951-45022
ဂျာနယ်ရုံးလိပ်စာ-၁၈၉(၃-က) ၃၄ လမ်း(အထက်) ကျောက်တံတားမြို့နယ်။ Tel 0951-51783, 376144

အရေပြားနှင့်စုံခံကျ၊ ကာလသား အထူးကုဆရာဝန်
ဒေါက်တာ မျိုးသန့်
အရေပြား၊ ကာလသား၊
HIV/AIDS အကြောင်း
စာအုပ်ထွက်ပြီ၊
စာအုပ်ဆိုင်ကြီးများပေါ်ရောက်ပါပြီ။

အများသိစေရန်

၂၉-၁၂-၂၀၀၆နေ့တွင် Dr.ဦးဇာခေါင်း၏ နာရေးကြော်ငြာတွင် မည်သို့မျှ မသက်ဆိုင်တော့သော ဒေါ်လွမ်းစဲ၏နာမည်ကို ကျွန်မ ဇက်နန်ရော်မှ မှားယွင်းဖော်ပြမိပါသဖြင့် ဦးဇော်ဖန်နှင့် ဒေါ်ဂျူးလောက်အား အနူးအညွတ်တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မဇက်နန်ရော် မှတ်ပုံတင်-၁၂/တမန(နိုင်)၀၀၈၇၁၇
No.၁၂/ စကြာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်

ပညာရည်ချွန်ဆု

ဒလမြို့နယ် အထက(၁)တွင် ဒီဇင်ဘာ ၂၃ ရက်က မိဘဆရာ အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲငါးဘာသာ ဂုဏ်ထူးရှင် မောင်အေးမင်းဦးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ထားဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိပိဋက အာဂုံပြန်ဆိုပွဲတွင် ဝင်ရောက်ဖြေဆိုကြသော သံဃာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညို



ရန်ကုန် ဇန်နဝါရီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီး၌ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ တိပိဋကအာဂုံပြန်ဆိုပွဲတွင် ဝင်ရောက်ဖြေဆိုကြသော သံဃာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်အတူ ညနေ ၃ နာရီ ၁၀ မိနစ်တွင် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပလျက်ရှိသည့် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိကြရာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✳

စစ်ကိုင်းတိုင်းအတွင်း ၂၂ ခုမြောက် ဆည်တမံအဖြစ် လှိုင်းချောင်းရေလှောင်တမံ ဖွင့်ပွဲကျင်းပ စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးမြေဧက ၁၀၀၀ ကျော်ကို အကျိုးပြုနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော လှိုင်းချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မုံရွာခရိုင်နှင့် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသ ထံ သကၠာန်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မုံရွာခရိုင် ပုလဲမြို့နယ် လှိုင်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။ (လယ်/ဆည်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြေးမုံ The Mirror (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

☆ **လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်** (ခေါင်းကြီး) စာမျက်နှာ—၂

☆ **“အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၏ အနှစ်သာရမှာ မိမိနိုင်ငံ ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု ကောင်းစားရေးတို့ကို မိမိတို့၏ အမျိုးသားရေးယဉ်ကျေးမှု၊ မိမိတို့ သမိုင်းအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့်အညီ လွတ်လွတ်လပ်လပ် ဖော်ဆောင်သွားနိုင်ခွင့်ရှိရေးပင် ဖြစ်သည်။”**
သီဟအောင်၏ **“လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၏ အနှစ်သာရများ”** (ဆောင်းပါး) စာမျက်နှာ— ၄၊၅

☆ ဖိုးရန်နိုင်(ကျောက်ကြီး)၏ **“ဦးတည်ချက်များ အလေးထား”** (ကဗျာ) စာမျက်နှာ— ၅

☆ မောင်ချစ်ကောင်း၏ **“စစ်မှန်သော မျိုးချစ်စိတ်ဓာတ်”** (ကာတွန်း) စာမျက်နှာ— ၂